# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ - ၂၂၁)


၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁ ရက် | ၂၀၂၆ ခုနှစ်၊ ဇွန် ၁၅ ရက်၊ တနင်္လာနေ့ | အတွဲ(၆၅)၊ အမှတ်(၂၅၃)


## နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မိုးကုတ်ရတနာမြေမှ ရှာဖွေတွေ့ရှိသည့် ထူးခြားလှပပြီး အရွယ်အစားကြီးမားသည့် နီလာအရိုင်းတုံးကြီးအား ကြည့်ရှု



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မိုးကုတ်ရတနာမြေမှ ရှာဖွေတွေ့ရှိခဲ့သည့် ထူးခြားလှပပြီး အရွယ်အစားကြီးမားသည့် နီလာအရိုင်းတုံးကြီးအား ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဇွန် ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပပြီး ပြည်သူများတစ်ခဲနက် ဆန္ဒမဲပေးရွေးချယ်ခဲ့သည့် ဒီမိုကရေစီအစိုးရဖွဲ့စည်းတာဝန်ယူပြီးနောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်မှုဖြင့်နိုင်ငံတော်အား ဒီမိုကရေစီလမ်းကြောင်းပေါ်၌ ခိုင်ခိုင်မာမာဖြင့် ဆက်လက်လျှောက်လှမ်းနေချိန်တွင်

*စာမျက်နှာ ၃ ကော်လံ ၁* ✻



မိုးကုတ်ရတနာမြေမှ ရှာဖွေတွေ့ရှိခဲ့သည့် နီလာပုံဆောင်ခဲအား တွေ့ရစဉ်။

## မြန်မာ့ကမ်းလွန်ပင်လယ်ပြင်၌ အလားအလာကောင်းမွန်သော သဘာဝဓာတ်ငွေ့သိုက်များ ရှာဖွေတွေ့ရှိ

နေပြည်တော် ဇွန် ၁၄

မြန်မာနိုင်ငံတွင် သဘာဝဓာတ်ငွေ့များကို မြန်မာ့ကမ်းလွန်စီမံကိန်းများမှ ထုတ်ယူလျက်ရှိပြီး လက်ရှိထုတ်လုပ်နေသည့် စီမံကိန်းများ တည်ရှိနေသော ရေတိမ်ပိုင်း ကမ်းလွန်ဒေသများအပြင် ရေနက်ပိုင်းကမ်းလွန်ဒေသများတွင်လည်း ကြီးမားသော သဘာဝဓာတ်ငွေ့ ခိုအောင်းမှုများရှိနေသည်ဟု ဘူမိဗေဒပညာရှင်များက ပင်လယ်ရေအောက်တွင် တည်ရှိနေသည့် သဲကြောများအား 3D Seismic ပြုလုပ်၍ ရရှိလာသည့် အချက်အလက်များနှင့် စမ်းသပ်တူးဖော်ခဲ့သော ရှာဖွေရေးတွင်းများ၏ ရလဒ်များကို အခြေပြု၍ အတည်ပြုကြသည်။

မြန်မာနိုင်ငံတွင် လက်ရှိဆောင်ရွက်နေသည့် ကမ်းလွန်စီမံကိန်းလေးခုကို ဖော်ဆောင်နိုင်ခဲ့သည့်အတွက် နိုင်ငံတော်၏လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု၊ ဓာတ်မြေဩဇာထုတ်လုပ်မှု အပါအဝင် စက်မှုကုန်ထုတ်လုပ်ငန်းများတွင် သဘာဝဓာတ်ငွေ့များကို အသုံးပြုလျက်ရှိရာ

*စာမျက်နှာ ၃ ကော်လံ ၁* ❍



လိုင်စင်ပျက်ပြယ် ဧည့်လမ်းညွှန် မွမ်းမံသင်တန်း (အမှတ်စဉ်-၁၂) ဖွင့်လှစ်ခဲ့စဉ်။

## လိုင်စင်ပျက်ပြယ်ဧည့်လမ်းညွှန်မွမ်းမံသင်တန်း(အမှတ်စဉ်-၁၃) ဖွင့်လှစ်မည်

ရန်ကုန် ဇွန် ၁၄

ဧည့်လမ်းညွှန်လုပ်ကိုင်ခွင့်လိုင်စင် သက်တမ်းတိုးရန် ပျက်ကွက်ခဲ့သဖြင့် လိုင်စင်ဖျက်သိမ်းခံခဲ့ရသော ဧည့်လမ်းညွှန်များအတွက် "လိုင်စင်ပျက်ပြယ်ဧည့်လမ်းညွှန်မွမ်းမံသင်တန်း အမှတ်စဉ် (၁၃)" ကို ဇူလိုင်လအတွင်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာနက အသိပေးထုတ်ပြန်ထားသည်။

အဆိုပါသင်တန်းကို ဇူလိုင် ၁၆ ရက်မှ ၂၅ ရက်အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး လိုအပ်သော စာရွက်စာတမ်းများနှင့်အတူ စည်းကမ်းထိန်းသိမ်းရေးနှင့် လေ့ကျင့်ရေးဌာနခွဲ (CTD) သို့ ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက် လျှောက်ထားနိုင်သကဲ့သို့

*စာမျက်နှာ ၃ ကော်လံ ၁* ❂

## ရန်ကုန်ကလေးဆေးရုံကြီး၌ ရင်ချင်းဆက်အမြွှာကလေးများ အောင်မြင်စွာ ခွဲစိတ်ကုသ

နေပြည်တော် ဇွန် ၁၄

ရန်ကုန်ကလေးဆေးရုံကြီး၌ အသက် နှစ်နှစ်၊ ငါးလအရွယ်ရှိ ရင်ချင်းဆက်အမြွှာ မိန်းကလေးများဖြစ်ကြသည့် မကြာညိုသင်းနှင့် မကြာညိုသိမ့်တို့အား ခွဲစိတ်ကုသမှု(Separation Surgery)ကို ဇွန် ၁၁ ရက် နံနက် ၁၀ နာရီ ၁၀ မိနစ်မှစတင်ကာ စုစုပေါင်း ခွဲစိတ်ချိန် ၉ နာရီ ၃၅ မိနစ်ကြာဆောင်ရွက်၍ ကလေးများ၏ကျန်းမာရေးအခြေအနေတည်ငြိမ်ကောင်းမွန်မှုကြောင့်

*စာမျက်နှာ ၃ ကော်လံ ၂* ❖





## သီရိမင်္ဂလာဈေးမှ စွန့်ပစ်အသီးအနှံများ အသုံးပြု၍ သဘာဝမြေဩဇာထုတ်လုပ်

ရန်ကုန် ဇွန် ၁၄

ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ သီရိမင်္ဂလာဈေးမှ နေ့စဉ်စွန့်ပစ်သည့် ဟင်းသီးဟင်းရွက်နှင့် သီးနှံမျိုးစုံ စွန့်ပစ်အမှိုက်များကို စိုက်ပျိုးရေးတွင် ပြန်လည်အသုံးပြုနိုင်သည့် အီးအမ်ဘိုကာရှီ သဘာဝမြေဩဇာအဖြစ် ထုတ်လုပ်ပြီး စိုက်ပျိုးရေးလုပ်ငန်းရှင်များထံ ဖြန့်ဖြူးရောင်းချပေးနေကြောင်း အဆိုပါဈေးမှ သိရသည်။

*စာမျက်နှာ ၃ ကော်လံ ၃* ❑

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇွန် ၁၄** – ဇွန် ၁၅ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့၌ နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဇလ


ယနေ့ ဖတ်စရာ

အိုဘယ့် မိခင်ဧရာဝတီ (၅) ဆောင်းပါး စာ ၆

အိန္ဒိယနိုင်ငံ၏ အမျိုးသားလူငယ်မူဝါဒနှင့် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်မှုများ (၂) ဆောင်းပါး စာ ၁၀

## ကလေးအလုပ်သမားလျှော့နည်းပပျောက်ရေးနှင့် ကျောင်းနေအရွယ်များအားလုံး ကျောင်းတက်ရေး

ကမ္ဘာပေါ်ရှိ ကလေးသူငယ်ဦးရေ စုစုပေါင်း၏ ၈ ရာခိုင်နှုန်း တစ်နည်းအားဖြင့် ကလေး ၁၇ ယောက်တွင် တစ်ယောက်တို့မှာ ကလေးအလုပ်သမားများ ဖြစ်နေကြသည်ဟု ဆိုသည်။ ခန့်မှန်းခြေအားဖြင့် ကမ္ဘာတစ်ဝန်းလုံးတွင် ကလေးအလုပ်သမားဦးရေ ၁၃၈ သန်းခန့်ရှိသည့်အနက် ၅၄ သန်းခန့်မှာ ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးနှင့် စာရိတ္တပိုင်းဆိုင်ရာတို့အတွက် အာမခံချက်ကင်းမဲ့သော အန္တရာယ်ရှိသည့် လုပ်ငန်းခွင်များတွင် လုပ်ကိုင်နေကြရသည်ဟုဆိုသည်။

အထက်တွင် ဖော်ပြခဲ့သည့် အရေအတွက်သည် ၂၀၂၀ပြည့်နှစ်တွင် ရှိခဲ့သော ကလေးအလုပ်သမားဦးရေ သန်း ၁၆၀ မှ သိသာစွာ ကျဆင်းလာခဲ့သည်ဟု ဆိုနိုင်သော်လည်း နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် ၂၀၂၅ ခုနှစ်တွင် ကလေးအလုပ်သမား လုံးဝပပျောက်စေရေး ဟူသည့် ကုလသမဂ္ဂ၏ ရည်မှန်းချက်ကိုမူ မဖြည့်ဆည်းနိုင်ဘဲ လွဲချော်ခဲ့သည်။ ကမ္ဘာပေါ်ရှိ ကလေးအလုပ်သမားများတွင် ယောကျ်ားလေး ၇၈ သန်းနှင့် မိန်းကလေး ၅၉ သန်းတို့ ပါရှိနေရာ ဝင်ငွေရှာဖွေရသည့် အလုပ်များတွင် ယောကျ်ားလေးများက ပိုမိုများပြားနေသည်ကို တွေ့ရသော်လည်း တစ်ပတ်လျှင် ၂၁ နာရီထက်မနည်း အလုပ်လုပ်ကြရပြီး အခကြေးငွေမရသည့် အိမ်မှုကိစ္စများကိုပါ ထည့်သွင်းစဉ်းစားတွက်ချက်ပါက မိန်းကလေးဦးရေက သိသာစွာ ပို၍များပြားသွားသည်ဟုဆိုသည်။

ကမ္ဘာ့ကလေးအလုပ်သမားများ၏ ၆၁ ရာခိုင်နှုန်းသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်နေကြခြင်းဖြစ်ရာ အဓိကအားဖြင့် မိသားစုပိုင် အသေးစားလယ်ယာများတွင် အခကြေးငွေ မယူဘဲ လုပ်ကိုင်နေကြရခြင်းဖြစ်သည်။ အိမ်အကူအလုပ်၊ စားပွဲထိုးအလုပ်၊ လမ်းဘေး ဈေးရောင်းအလုပ်များတွင် လုပ်ကိုင်နေကြသည့် ကလေးများမှာ ၂၇ရာခိုင်နှုန်းရှိပြီး အန္တရာယ်ဖြစ်နိုင်ခြေ မြင့်မားသည့် ဆောက်လုပ်ရေး၊ ကုန်ပစ္စည်းထုတ်လုပ်ရေး၊ အုတ်ဖုတ်လုပ်ငန်း၊ သတ္တုတူးဖော်ရေးလုပ်ငန်းများတွင် ကမ္ဘာ့ကလေးအလုပ်သမား စုစုပေါင်း၏ ၁၃ ရာခိုင်နှုန်း လုပ်ကိုင်နေကြသည်ဟု ဆိုသည်။ အချက်အလက်များအရ ကမ္ဘာပေါ်တွင် ကလေးအလုပ်သမား ရာခိုင်နှုန်း အမြင့်ဆုံးနိုင်ငံများ၌ ဆာဟာရ အောက်ပိုင်းနိုင်ငံများဖြစ်သည့် တောင်ဆူဒန် ၄၈ ရာခိုင်နှုန်း၊ အီသီယိုပီးယား ၄၅ ရာခိုင်နှုန်း၊ ဘာကီနာဖာဆို ၄၂ ရာခိုင်နှုန်း၊ ကင်မရွန်း ၃၉ ရာခိုင်နှုန်း၊ ချဒ် ၃၉ ရာခိုင်နှုန်းတို့ ပါဝင်နေသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံတွင် အလုပ်လုပ်ကိုင်နိုင်သော အနိမ့်ဆုံးအရွယ်ကို အသက် ၁၄ နှစ်အဖြစ် သတ်မှတ်ထားရာ အသက် ၁၄ နှစ်အောက် ကလေးများကို မည်သည့်လုပ်ငန်းခွင်၌မဆို အလုပ်လုပ်ခွင့် မပြုဘဲ တားမြစ်ထားသည်။ အသက် ၁၄ နှစ်မှ ၁၅ နှစ်အရွယ်များကို ပုံမှန်လုပ်ငန်းခွင်များတွင် မွန်းလွဲ ၂ နာရီ မတိုင်မီ ပညာသင်ကြားရေးကို မထိခိုက်စေဘဲ ပေါ့ပါးသည့် အလုပ်များကိုသာ လုပ်ကိုင်ခွင့်ရှိသည်။ အသက် ၁၆ နှစ်မှ ၁၈ နှစ် အရွယ်များကို လူငယ်လုပ်သားများအဖြစ် သတ်မှတ်ပြီး လုပ်ကိုင်ခွင့် ရှိသော်လည်း အန္တရာယ်ရှိသော လုပ်ငန်းခွင်များတွင် ဝင်ရောက်လုပ်ကိုင်ခွင့် မရှိကြောင်း သတ်မှတ်ထားသည်။

မြန်မာနိုင်ငံတွင် ကလေးအလုပ်သမားများ ဖြစ်ပွားရခြင်း၏ အဓိကအကြောင်းရင်းမှာ ဆင်းရဲနွမ်းပါးမှုကြောင့်ပင်ဖြစ်သည်။ မိသားစုဝင်ငွေ နည်းပါးခြင်း၊ အလုပ်အကိုင် ရှားပါးခြင်းတို့ကြောင့် မိဘများက ကလေးများကို လုပ်ငန်းခွင်သို့ စေလွှတ်ခြင်း၊ ကလေးများကိုယ်တိုင် ဝင်ငွေရှာပေးရခြင်းဖြစ်သည်။ ပညာသင်ကြားရန် တိုက်ရိုက်စရိတ်၊ သွယ်ဝိုက်စရိတ်တို့ကို မတတ်နိုင်ခြင်း၊ ကျောင်းနှင့် ဝေးကွာခြင်းတို့ကြောင့် ပညာကို ဆက်လက်မသင်ယူနိုင်ကြဘဲ ငယ်ရွယ်စဉ်မှာပင် အလုပ်လုပ်ကြခြင်းလည်းဖြစ်သည်။ ကလေးအလုပ်သမားအများစုမှာ ကျေးလက်ဒေသများတွင် လယ်ယာလုပ်ငန်း၊ ရေလုပ်ငန်းများ၊ မြို့ပြဒေသများတွင်အိမ်အကူ၊ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်များ၊ လက်လီလက်ကားဆိုင်များတွင် ဆိုင်အကူ၊ အရောင်းဝန်ထမ်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများနှင့် ဝပ်ရှော့များ၊ အုတ်ဖုတ်လုပ်ငန်းများ၊ ဆောက်လုပ်ရေးအကူလုပ်ငန်းများ၊ သတ္တုတူးဖော်ရေးလုပ်ငန်းများတွင် လုပ်ကိုင်နေကြခြင်းဖြစ်သည်ဟု သိရသည်။

ကလေးများကို အလုပ်သမားများအဖြစ် ခိုင်းစေခြင်းက ကလေးများ၏ အနာဂတ်အလားအလာများကို မှေးမှိန်ပျက်စီးစေသည်။ ပညာသင်အရွယ်တွင် အလုပ်လုပ်ခိုင်းခြင်းဖြင့် ကလေးသူငယ်အခွင့်အရေးကို ချိုးဖောက်ခြင်းလည်းဖြစ်သည်။ ပညာသင်ကြားနေရမည့် ကလေးများကို ကောင်းစွာပညာသင်ကြားလေ့ကျင့်ပေးခြင်းအားဖြင့် နိုင်ငံ၏ အနာဂတ်အတွက် လူ့စွမ်းအားအရင်းအမြစ်ကောင်းများရရှိစေသကဲ့သို့ ကလေးငယ် တစ်ဦးချင်းစီ၏ အနာဂတ်အတွက်လည်း ပိုမိုမြင့်မားကောင်းမွန်စေမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ကျောင်းနေအရွယ်ကလေးများ ကျောင်းထွက်နှုန်းမြင့်မားနေခြင်းသည် မိသားစုအလုပ်ကို ကူရန်အတွက် ဟူသော အကြောင်းပြချက်ဖြင့်အများဆုံးဖြစ်ရာ ကလေးအလုပ်သမား လျှော့နည်းပပျောက်ရေး၊ တန်းစဉ် ကူးပြောင်းမှုနှုန်း မြင့်မားရေးတို့အတွက် ကဏ္ဍအသီးသီးတို့မှ ကြိုးပမ်းဆောင်ရွက်ပေးကြရပါမည့်အကြောင်း။ ။

### ကော့သောင်းမြို့၌ ရေလုပ်သားများနှင့် ခရီးသည်များအား ရှာဖွေကယ်ဆယ်ရေး အသိပညာပေး

ကော့သောင်း ဇွန် ၁၄

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၌ ရေကြောင်းရဲတပ်ဖွဲ့စု(ကော့သောင်း)မှ ရေယာဉ်မှူးဦးစီးသော တပ်ဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ကော့သောင်းမြို့မှ ပင်လယ်ပြင်သို့ ဝင်ရောက်/ထွက်ခွာသည့် ငါးဖမ်းရေယာဉ်များနှင့် ကော့သောင်းမြို့မှ ရနောင်းမြို့သို့ ဝင်ရောက်/ထွက်ခွာသည့် ပွဲချိတ်စက်လှေများဖြင့် လိုက်ပါသည့် ခရီးသည်များအား ပင်လယ်ပြင်အတွင်း အရေးပေါ်အခြေအနေများနှင့် ကြုံတွေ့ရသည့်အခါ လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့် ပတ်သက်သည့် ရှာဖွေကယ်ဆယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ ရေယာဉ်ပေါ်တွင် ပါရှိရမည့် အသက်ကယ် ပစ္စည်းများနှင့် အသုံးပြုပုံနည်းစနစ်များကို လက်တွေ့သရုပ်ပြ ဝတ်ဆင်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

### ၁၄ - ၆ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ၆၉၅၀၀၀၀ ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ




### ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၅ - ၆ - ၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၈၀၀ | ၄၀၅၅ | ၄၀၀၀ | ၃၈၉၅ | ၄၀၅၅ | ၄၀၇၀ | ၄၁၀၀ | ၃၉၇၅ | ၄၁၀၀ | ၄၄၁၀ | ၃၈၉၅ | ၄၁၂၅ | ၄၀၉၀ | ၄၀၄၅ | ၄၀၅၅ | ၄၂၇၅ |
| 95 Ron | ၃၉၀၅ | ၄၀၉၀ | ၄၀၃၅ | ၃၉၃၅ | ၄၀၉၀ | ၄၁၀၅ | ၄၁၄၅ | ၄၀၀၀ | ၄၁၄၅ | ၄၄၄၅ | ၄၀၃၀ | ၄၂၀၀ | ၄၁၃၀ | ၄၀၈၅ | ၄၀၉၀ | ၄၃၀၀ |
| HSD (500 ppm) | ၃၉၉၅ | ၄၁၆၀ | ၄၁၀၅ | ၄၀၀၀ | ၄၁၆၀ | ၄၁၇၅ | ၄၂၇၅ | ၄၀၈၀ | - | ၄၅၀၀ | ၄၁၀၀ | ၄၄၉၀ | ၄၁၉၅ | ၄၁၅၀ | ၄၁၆၀ | ၄၃၇၀ |
| HSD (50 ppm) | ၄၈၀၀ | ၄၉၇၀ | ၄၉၁၅ | ၄၈၀၅ | ၄၉၇၅ | ၄၉၈၅ | ၅၀၃၀ | ၄၈၉၀ | ၅၀၃၀ | ၅၃၂၅ | ၄၉၁၅ | ၅၀၉၅ | ၅၀၁၀ | ၄၉၆၅ | ၄၉၇၀ | ၅၁၉၀ |
| HSD (10 ppm) | ၄၈၀၀ | ၄၉၇၀ | ၄၉၁၅ | ၄၈၀၅ | ၄၉၇၅ | ၄၉၈၅ | ၅၀၃၀ | ၄၈၉၀ | | ၅၃၂၅ | ၄၉၁၅ | ၅၀၉၅ | ၅၀၁၀ | ၄၉၆၅ | ၄၉၇၀ | ၅၁၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၆၇၀ | ၃၇၇၈ |
| 95 Ron | ၃၇၀၅ | ၃၈၁၃ |
| HSD (500 ppm) | ၃၇၉၂ | ၃၈၉၈ |
| HSD (50 ppm) | ၄၅၆၀ | ၄၆၈၁ |
| HSD (10 ppm) | ၄၅၆၀ | ၄၆၈၁ |

မှတ်ချက်။
(၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - ခင်ရတနာ
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့
အကြီးတန်း - ကျော်သူဝင်း၊ တင်မောင်လွင်၊
သတင်းထောက်များ - ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့

**နေပြည်တော်-ဒုတိယစာတည်းမှူးချုပ်** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ**-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News Presented by NPE www.mdn.gov.mm

✻ *ရွှေဖုံးမှ*

၂၀၂၀ ခုနှစ်က မြန်မာနိုင်ငံ မိုးကုတ်ရတနာမြေမှ ရှာဖွေတွေ့ရှိခဲ့သည့် ထူးခြားလှပပြီး အရွယ်အစားကြီးမားသည့် နီလာအရိုင်းတုံးကြီး အလေးချိန် ၁၄၃၀၀ ဂရမ် (၇၁၅၀၀ ကရက်)နှင့် နီလာပုံဆောင်ခဲ ၃၅၄ ဒသမ ၇၇ ဂရမ် (၁၇၇၃ ဒသမ ၈၅ ကရက်) တို့အား နိုင်ငံတော်ထံသို့ လာရောက်အပ်နှံခဲ့သည်။

**ကြည့်ရှုစစ်ဆေး**

အဆိုပါနီလာအရိုင်းတုံးကြီးနှင့် နီလာပုံဆောင်ခဲတို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတရုံးတော် ဧည့်ခန်းမဆောင်၌ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်လတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာနိုင်ငံတော်သမ္မတရုံးပြည်ထောင်စုဝန်ကြီးနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က နီလာအရိုင်းတုံးကြီးနှင့် နီလာပုံဆောင်ခဲတို့၏ အချက်အလက်များနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတနှင့် တက်ရောက်လာကြသူများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် နီလာအရိုင်းတုံးကြီးနှင့် နီလာပုံဆောင်ခဲတို့အား ကြည့်ရှုစစ်ဆေးကြသည်။

**ပြုပြင်ထားခြင်းမရှိ**

ယခင် ၂၀၀၉ ခုနှစ်တွင် အလေးချိန် ၁၁၈၇၇ ဂရမ် (၅၉၃၈၅ ကရက်)ရှိသော နီလာအရိုင်းတုံးကို ရှာဖွေတွေ့ရှိခဲ့ပြီး ယခု နီလာအရိုင်းတုံးကြီးသည် အလေးချိန် ၁၄၃၀၀ ဂရမ် (၇၁၅၀၀ ကရက်)ရှိသဖြင့် အရွယ်အစားကြီးမားသောကြောင့် ရှာဖွေတွေ့ရှိရန် ခက်ခဲပြီး ရှားပါးကြောင်း၊ အပြာရင့်ရောင်ဖြစ်ပြီး အလင်းပေါက်မှုအနေဖြင့် အလင်းမှုန်အဆင့်ရှိပြီး ပြုပြင်ထားခြင်းမရှိသော သဘာဝအတိုင်းရှိသည့် နီလာအရိုင်းတုံးကြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**❝ နီလာအရိုင်းတုံးကြီးသည် အလေးချိန် ၁၄၃၀၀ ဂရမ် (၇၁၅၀၀ ကရက်) ရှိသဖြင့် အရွယ်အစားကြီးမားသောကြောင့် ရှာဖွေတွေ့ရှိရန် ခက်ခဲပြီးရှားပါးကြောင်း၊ အပြာရင့်ရောင်ဖြစ်ပြီး အလင်းပေါက်မှုအနေဖြင့် အလင်းမှုန်အဆင့်ရှိပြီး ပြုပြင်ထားခြင်းမရှိသော သဘာဝအတိုင်းရှိသည့် နီလာအရိုင်းတုံးကြီးဖြစ် ❞**

○ *မြန်မာ့ကမ်းလွန်မှ*

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာ အထောက်အကူပြုလျက်ရှိသည်။

ယခုအခါစီမံကိန်းအသစ်လေးခုကို ထပ်မံဖော်ဆောင်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိနေပြီး ယင်းစီမံကိန်းလေးခုအနက် ရောဝတီကမ်းလွန်ဒေသတွင် ဖော်ဆောင်နေသည့် စီမံကိန်းနှင့် တနင်္သာရီကမ်းလွန်ဒေသတွင် ဖော်ဆောင်နေသည့် စီမံကိန်းတို့သည် ဓာတ်ငွေ့သိုက်ပမာဏကြီးမားပြီး အလားအလာကောင်းသော စီမံကိန်းများ ဖြစ်သည်။

ရောဝတီကမ်းလွန်ဒေသလုပ်ကွက် စီမံကိန်းသည် ရောဝတီကမ်းလွန်ဒေသ ရေနက်ကမ်းလွန်ပိုင်းတွင်တည်ရှိပြီး အစမ်းတွင်းနှင့် အတည်ပြုတွင်းများ တူးဖော်၍ ရာနှုန်းပြည့်သေချာမှုရှိသည့် သဘာဝဓာတ်ငွေ့ ၁၄ ထရီလီယံ ကုဗပေအထိ ထွက်ရှိရန် အလားအလာရှိသော ဓာတ်ငွေ့သိုက်ဖြစ်ပြီး စီးပွားဖြစ် ထုတ်လုပ်နိုင်ရေးအတွက် လုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိသည်။

တနင်္သာရီကမ်းလွန်ဒေသ လုပ်ကွက်သည် တနင်္သာရီကမ်းလွန်ဒေသ ရေနက်ကမ်းလွန်ပိုင်းတွင် တည်ရှိပြီး သဘာဝဓာတ်ငွေ့သိုက်ဟု အတည်ပြုထားပြီး သေချာမှု ၉၀ ရာခိုင်နှုန်း (P 90) ပမာဏ ၉၅ ထရီလီယံကုဗပေခန့်ရှိသည်။ အစမ်းတွင်းများ ဆက်လက်တူးဖော်မည်ဖြစ်ရာ ဓာတ်ငွေ့ခိုအောင်းနေမှုပမာဏအား တိကျသေချာစွာသိရှိပါက စီးပွားဖြစ်တူးဖော်ထုတ်လုပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**



❖ *ရန်ကုန်ကလေးဆေးရုံကြီးမှ*

အထူးကြပ်မတ်ကုသဌာနတွင် စောင့်ကြည့်ကုသလျက်ရှိသည်။

အဆိုပါ ကလေးငယ်များသည် ပခုက္ကူမြို့နေ အသက် ၃၁ နှစ်အရွယ် မိခင်မှ ဒုတိယမြောက် ကိုယ်ဝန်အဖြစ် မန္တလေးဗဟိုအမျိုးသမီးဆေးရုံကြီးသို့ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၈ ရက်တွင် လာရောက် ခွဲစိတ်မွေးဖွားခဲ့ခြင်းဖြစ်ပြီး မွေးဖွားပြီးချိန်မှစ၍ ခုတင်(၅၅၀)ဆံ့ မန္တလေးကလေးဆေးရုံကြီးတွင် ထားရှိကာ အသက်ခြောက်လအရွယ်တွင် ခုတင်(၅၅၀)ဆံ့ ရန်ကုန်ကလေးဆေးရုံကြီး(ရန်ကင်း)၌ ထားရှိပြီး ပြုစုစောင့်ရှောက်ပေးခဲ့သည်။

ထိုသို့ ပြုစုစောင့်ရှောက်ချိန်တစ်လျှောက်တွင် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိမန္တလေးနှင့်ရန်ကုန်မှဆေးရုံအုပ်ကြီးများ၊ ကလေးအထူးကုဆရာဝန်ကြီးများ၊ မေ့ဆေးအထူးကုဆရာဝန်ကြီးများ၊ ခွဲစိတ်အထူးကုဆရာဝန်ကြီးများ၊ အငြိမ်းစားဆေးပညာရှင်ကြီးများ ပါဝင်သောအဖွဲ့ဖြင့် စဉ်ဆက်မပြတ် စောင့်ကြပ်ကြည့်ရှု ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

၂၀၂၆ ခုနှစ် ဇန်နဝါရီတွင် ခွဲစိတ်ကုသမှုဆောင်ရွက်မည့် ရန်ကုန်ကလေးဆေးရုံကြီး၌ ပြောင်းရွှေ့၍ လိုအပ်သည်များ ပြင်ဆင်ခဲ့ပြီး ဇွန် ၁၁ ရက်တွင် ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ပံ့ပိုးမှု၊ ရန်ကုန်ကလေးဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ထွန်းဦး၏ ဦးဆောင် စီမံခန့်ခွဲမှုဖြင့် ခွဲစိတ်ကုသမှုအဖွဲ့(၁)တွင် ရန်ကုန်ကလေးဆေးရုံကြီးမှ ကလေးခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာညိုညိုဝင်းနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး မေ့ဆေးပညာဌာနမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခဒေါက်တာဖုန်းမြင့် ခေါင်းဆောင်သောအဖွဲ့၊ ခွဲစိတ်ကုသမှု အဖွဲ့(၂)တွင် ခုတင်(၅၅၀) ဆံ့ မန္တလေးကလေးဆေးရုံကြီးမှ ပါမောက္ခ ဒေါက်တာမြမြလှိုင်နှင့် မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး မေ့ဆေးပညာဌာနမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာ မြစိုး ခေါင်းဆောင်သောအဖွဲ့၊ ပါမောက္ခ/ဌာနမှူး (ကလေးကျန်းမာ) ပါမောက္ခ ဒေါက်တာသဇင်မွန် ခေါင်းဆောင်သော ရန်ကုန်ကလေးဆေးရုံကြီးနှင့် ခုတင်(၅၅၀)ဆံ့ ရန်ကုန်ကလေးဆေးရုံကြီး (ရန်ကင်း)တို့မှ ကလေးအထူးကုအဖွဲ့၊ သူနာပြုအုပ် ဒေါ်မိုးယုယုခိုင် ခေါင်းဆောင်သော သူနာပြုများအဖွဲ့နှင့် အငြိမ်းစား ကလေးခွဲစိတ်အထူးကု ဆရာဝန်ကြီးများ၊ ဆေးတက္ကသိုလ်(၁) ရန်ကုန်မှ ပါမောက္ခ/ဌာနမှူး (ခွဲစိတ်) ပါမောက္ခ ဒေါက်တာမိုးမိုးတင်၊ ပါမောက္ခ/ဌာနမှူး (နှလုံးနှင့် သွေးကြောခွဲစိတ်) ပါမောက္ခ ဒေါက်တာဝင်းဝင်းကျော်နှင့် ပါမောက္ခ/ဌာနမှူး (အသည်းခွဲစိတ်) ပါမောက္ခ ဒေါက်တာစိုးအောင်ညွန့်ဦးတို့ စုပေါင်းအင်အားဖြင့် ခွဲစိတ်ကုသမှုကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် ရန်ကုန်ကလေးဆေးရုံကြီးတွင် ယခု ခွဲစိတ်ကုသမှု အပါအဝင် ရင်ချင်းဆက်အမွှာခွဲစိတ်ကုသမှု ကိုးကြိမ်၊ မန္တလေးကလေးဆေးရုံကြီးတွင် သုံးကြိမ်ကို ပြည်ပပညာရှင်များပါဝင်ခြင်းမရှိဘဲ ပြည်တွင်းမှ ဆေးပညာရှင်များဖြင့် ခွဲစိတ်ကုသမှုပေးနိုင်ခဲ့ကြောင်း သိရှိရသည်။ **သတင်းစဉ်**

**သွေး သည် အသက်**

❑ *သီရိမင်္ဂလာဈေးမှ*

သီရိမင်္ဂလာဈေးသည် ရန်ကုန်မြို့ အပါအဝင် ဒေသအသီးသီးသို့ သီးနှံထွက်ကုန်များ လက်လီ၊ လက်ကား ဖြန့်ဖြူးပေးရာနေရာဖြစ်သည့်အတွက် ဈေးမှ နေ့စဉ် စွန့်ပစ်အမှိုက်တန် ၈၀ မှ တန် ၁၀၀ အတွင်း ထွက်ရှိပြီး အဆိုပါစွန့်ပစ်အမှိုက်များကို ဈေးအတွင်း၌ ခြံဝင်းခတ်၍ အီးအမ်ဘိုကာချီ သဘာဝမြေသြဇာအဖြစ် ထုတ်လုပ်လျက်ရှိရာ စွန့်ပစ်အမှိုက်များအား သဘာဝမြေသြဇာအဖြစ် ပြန်လည်သုံးစွဲမှုကြောင့် ဈေးမှ လှိုင်သာယာမြို့နယ် ထိန်ပင်အမှိုက်ပုံသို့ စွန့်ပစ်အမှိုက်ပို့ဆောင်မှုသည်လည်း ထက်ဝက်နီးပါး လျော့ကျသွားကြောင်း သိရသည်။

“သီးနှံဈေးဖြစ်တဲ့အတွက် နေ့စဉ် ထွက်ရှိတဲ့ စွန့်ပစ်အမှိုက်ကို သဘာဝမြေသြဇာအဖြစ် အကျိုးရှိစွာ ပြန်လည်အသုံးပြုနိုင်အောင် ထုတ်လုပ်နေပါတယ်။ ရက်တိုတိုနဲ့ ဆွေးမြည့်လွယ်ပြီး မြေဆွေးရလွယ်တဲ့ ဂေါ်ဖီနဲ့ သီးနှံတွေကို အသုံးပြုတာ များပါတယ်။ သီရိမင်္ဂလာဈေးကနေ တစ်ရက်ကို စွန့်ပစ်အမှိုက် တန်ချိန် ၈၀ ကနေ ၁၀၀ အထိ စွန့်ပစ်ရပြီးတော့ အခုလို သဘာဝမြေသြဇာထုတ်လုပ်မှုကြောင့် အမှိုက်ပို့ဆောင်စွန့်ပစ်ရမှု လျော့ကျသွားတယ်။ တစ်ဖက်မှာလည်း စိုက်ပျိုးရေးကို အကျိုးပြုတဲ့ သဘာဝမြေသြဇာ ရရှိတယ်” ဟု မရမ်းကုန်းခရိုင် ဈေးများနှင့် ကုန်စည်ပွဲရုံများဌာနမှ ဌာနခွဲမှူး ဦးဝေလင်းက ပြောသည်။

သီရိမင်္ဂလာဈေးမှ ထွက်ရှိသော သဘာဝမြေသြဇာကို မင်္ဂလာဒုံနှင့် မှော်ဘီမြို့နယ်တို့ရှိ နှင်းဆီခြံ၊ စပယ်ခြံများတွင် အသုံးပြုနေသည့်အပြင် ရန်ကုန်မြို့ ဈေးများရှိ စိုက်ခင်းနှင့် ပန်းခြံများ၊ ငွေနှင်းမှို စိုက်ပျိုးမှုများတွင် အသုံးပြုလျက်ရှိကြောင်း သိရသည်။

**သစ္စာ(MNA)**

**ဓာတ်ပုံ – ဖွဲ့မာန်**

❂ *လိုင်စင်ပျက်ပြယ်မှ*

tts.yangon@gmail.com သို့ အီးမေးလ်ပေးပို့၍လည်း လျှောက်ထားနိုင်ကြောင်းသိရသည်။

ခရီးသွားဧည့်လမ်းညွှန်များအနေဖြင့် နိုင်ငံတော်အစိုးရက တရားဝင်ထုတ်ပေးထားသော ဧည့်လမ်းညွှန်လုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ရှိရမည်ဖြစ်ပြီး လိုင်စင်မရှိဘဲ လုပ်ကိုင်ပါက ဟိုတယ်နှင့် ခရီးသွားလာရေးဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ ထောင်ဒဏ်သုံးနှစ်နှင့် ဒဏ်ငွေကျပ် ၅၀၀၀၀ အထိ အရေးယူခံရမည် ဖြစ်သည်။ ဒေသဆိုင်ရာ ဧည့်လမ်းညွှန်များ လိုင်စင်မရှိဘဲ လုပ်ကိုင်နေသည်ကို တွေ့ရှိပါက ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာနသို့ အထောက်အထား အပြည့်အစုံဖြင့် တိုင်ကြားနိုင်ကြောင်း သိရသည်။

လုပ်ငန်းလိုင်စင်သက်တမ်းကို အခြေခံအားဖြင့် နှစ်နှစ် သတ်မှတ်ထားသော်လည်း လုပ်ငန်းခေတ္တအနားယူသွားသော ဧည့်လမ်းညွှန်များအတွက်မူ လေးနှစ်သက်တမ်းအထိ ထပ်မံသက်တမ်းတိုးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားကြောင်း ဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ လက်ရှိတွင် ဒေသဆိုင်ရာ ဧည့်လမ်းညွှန်သင်တန်းများကို မန္တလေး၊ ပုဂံ၊ တောင်ကြီး၊ ကျိုင်းတုံနှင့် တာချီလိတ်မြို့တို့၌ ဖွင့်လှစ်ပေးလျက်ရှိသည်။ သက်ဆိုင်ရာ၏ ယမန်နှစ်စာရင်းများအရ ဒေသဆိုင်ရာသင်တန်းဆင်း ၁၆၀၀ ကျော်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းခွဲများမှ သင်တန်းဆင်း ၃၇၀၀ ကျော် စုစုပေါင်း ၅၀၀၀ ကျော်ကို လုပ်ငန်းလိုင်စင် ထုတ်ပေးထားပြီးဖြစ်ကြောင်းနှင့် ယခင်နှစ်များက ခရီးသွားဧည့်လမ်းညွှန် ၈၇၀၀ ကျော်အထိရှိခဲ့ကြောင်း သိရသည်။ **TWA**


**PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်**

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG, CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။



**အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်**

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှု တစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာ နေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန်မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက်ရှိ ဘိုးမင်းချမ်းသာ စေတီတော်မြတ်ကြီး ပြန်လည်ပြုပြင်မွမ်းမံမှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇွန် ၁၄**

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီး ဦးလင်းအောင်နှင့် တာဝန်ရှိသူများသည် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက်ရှိ ဘိုးမင်းချမ်းသာစေတီတော်မြတ်ကြီး ပြန်လည်ပြုပြင်မွမ်းမံမှုအခြေအနေကို ယနေ့နံနက် ၁၀ နာရီတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူရပ်ကွက် မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက် မဟာနာယကဆရာတော်သုံးပါးတို့အား ဖူးမြော်ကြည်ညိုပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဘိုးမင်းချမ်းသာစေတီတော်ကြီး၊ တံခွန်တိုင်၊ ရင်ပြင်နှင့် လိုအပ်သည်များ ပြုပြင်နိုင်ရန်အတွက် အလှူတော်ငွေ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေမည်

**နေပြည်တော် ဇွန် ၁၄**

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့်ရှိနိုင်သည်။ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေမည်။ **မိုး/ဇလ**

# တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် မိုးစပါး ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် သွင်းအားစုများနှင့် ဥယျာဉ်ခြံသီးနှံပျိုးပင်များ ပေးအပ်

**မြိတ် ဇွန် ၁၄**

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦးသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြိတ်မြို့ ပုလဲရတနာခန်းမ၌ မြိတ်ခရိုင်အတွင်း မြို့နယ်များရှိ စံပြကျေးရွာများအတွက် မျိုးစပါး၊ မြေဩဇာ၊ မျိုးစေ့ချကိရိယာများနှင့် အကျိုးဆောင်ခြံရှင်များအား ကော်ဖီ၊ ကိုကိုးနှင့် ဥယျာဉ်ခြံသီးနှံပျိုးပင်များ ပေးအပ်သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး မြိတ်ခရိုင်အတွင်းရှိ မြို့နယ် လေးမြို့နယ်မှ စံပြကျေးရွာ လေးရွာရှိအကျိုးဆောင်တောင်သူများအတွက် မျိုးစပါးတင်း ၁၂၀၀၊ ကွန်ပေါင်းမြေဩဇာအိတ် ၆၀၀၊ သဘာဝမြေဩဇာအိတ် ၁၂၀၀၊ မျိုးစေ့ချကိရိယာ အလက် ၉၀၊ နှစ်ရှည်သီးနှံစိုက်လေးမြို့နယ်မှ အကျိုးဆောင် ခြံရှင်များအတွက် နှစ်ရှည်သီးနှံ ကိုးမျိုး ပျိုးပင် ၉၉၀၀ ကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပေးအပ်ကြသည်။

### ဖြည့်ဆည်းဆောင်ရွက်ပေး

ယင်းနောက် ကမ်းနားလမ်းရှိ သဘာဝငှက်သိုက်အိမ်နှင့် ငှက်သိုက်ထုတ်ကုန်များ၊ မြိတ်ကျွန်းစု ပင်လယ်ကမ်းခြေများမှထွက်ရှိသည့် အော်ဂဲနစ်သဘာဝအုန်းသီးဖြင့် ကျန်းမာရေးအထောက်အကူပြု ဓာတ်စာအဖြစ်သောက်သုံးနိုင်သည့် အုန်းဆီထုတ်လုပ်သည့်စက်ရုံနှင့် ကမ်းဇော်အစေ့မှ ကမ်းဇော်ဆီထုတ်လုပ်နေသည့် မေကမ်းဇော်ဆီစက်ရုံတို့ကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**ခိုင်ထူး(ပြန်/ဆက်)**





# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း သာယာဝတီ-ပြည် ရထားလမ်းတစ်လျှောက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**သာယာဝတီ ဇွန် ၁၄**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယမန်နေ့ နံနက်ပိုင်းက သာယာဝတီ-ပြည် ရထားလမ်းတစ်လျှောက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက် သာယာဝတီ-ပြည် ရထားလမ်းတစ်လျှောက် မိုးစပါးစိုက်ပျိုးထားရှိမှု၊ သာယာဝတီခရိုင် လက်ပံတန်းဘူတာအဆောက်အအုံများ ဘက်စုံအဆင့်မြှင့်တင်နိုင်ရေးတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် RBE ရထားတွဲဖြင့် ပြည်ဘူတာသို့ ရောက်ရှိပြီး ဘူတာပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေး၊ သန့်ရှင်းသပ်ရပ်မှုရှိစေရေးနှင့် ဘူတာရှေ့ပန်းခြံကို ပြန်လည်ပြုပြင်နိုင်ရေး ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှု အားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။**

*❁ ကျောဖုံးမှ*

သန်း ၄၅၀၀ ကျော် ဆုံးရှုံးနစ်နာစေခဲ့သဖြင့် လျှပ်စစ်မီတာအား ချက်ချင်းပိတ်သိမ်းခဲ့ပြီး နစ်နာဆုံးရှုံးမှုများ ပြန်လည်ရရှိရေးနှင့် လျှပ်စစ်ဓာတ်အားကို မသမာသောနည်းဖြင့် ရယူသုံးစွဲထားသည့်လုပ်ငန်းရှင်အား လျှပ်စစ်ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရန်အတွက် မှော်ဘီမြို့မရဲစခန်း၌ ၂၀၂၆ ခုနှစ် ဇွန် ၁၁ ရက်တွင် အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် Control Center များမှ စောင့်ကြည့်စစ်ဆေး၍ သံသယဖြစ်ဖွယ်တွေ့ရှိသည်နှင့် မြေပြင်သို့သွားရောက်စစ်ဆေးခြင်း၊ ပြည်သူများ၏ တိကျစွာသတင်းပေးတိုင်ကြားလာမှုများအပေါ် ထိရောက်စွာစစ်ဆေးအရေးယူဆောင်ရွက်ခြင်းတို့ဖြင့် လျှပ်စစ်ဓာတ်အားလေလွင့်ပျောက်ဆုံးမှုများ သိသာစွာလျော့နည်းလာစေရေး ကြိုးပမ်းဆောင်ရွက်နေသည်ဖြစ်ရာ ယင်းသို့ဓာတ်အားခိုးယူသုံးစွဲမှုများ ဖော်ထုတ်လာနိုင်သည်နှင့်အမျှ ပြည်သူများသို့ လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးသွားနိုင်မည်ဖြစ်၍ ပြည်သူများအနေဖြင့် ပိုမို၍ ပူးပေါင်းဆောင်ရွက်ပေးကြရန် အသိပေးထုတ်ပြန်ထားသည်။

**သတင်းစဉ်**



တရားမဝင်ဓာတ်အားရယူသုံးစွဲထားသည့် မြောင်းတကာစက်မှုဇုန် မြေကွက်အမှတ်(၅၂/၅၃) ရှိ ZON TAI STEEL Co.,Ltd သံရည်ကျိုစက်ရုံကို တွေ့ရစဉ်။



မီတာအတွင်း မသမာသောနည်းဖြင့် ပြုပြင်ထားသည့် မှတ်တမ်းဓာတ်ပုံကို တွေ့ရစဉ်။



## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင် ကျေးလက်နေအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်ဆောင်ရွက်မည့် အမျိုးသမီးစေတနာ့ဝန်ထမ်း ဆယ်အိမ်မှူးများနှင့်တွေ့ဆုံ

**ဟဲဟိုး ဇွန် ၁၄**

အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင်သည် ယမန်နေ့က မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်အတူ ရှမ်းပြည်နယ် ဟဲဟိုးမြို့ ဥသကံကျေးရွာဘုန်းကြီးကျောင်း၌ ကျေးလက်နေအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်ဆောင်ရွက်မည့် အမျိုးသမီးစေတနာ့ဝန်ထမ်း ဆယ်အိမ်မှူးများနှင့် တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် စီမံချက်လုပ်ငန်းများ ရေရှည်တည်တံ့စေရန် ခရိုင်၊ မြို့နယ်၊ ကျေးရွာအဆင့်အလိုက် လုပ်ငန်းစီမံချက်များ စနစ်တကျချမှတ်ကာ အောက်ခြေတွင် လုပ်ငန်းများ အမှန်တကယ်ဖြစ်ထွန်းမှု ရှိ၊ မရှိကို တာဝန်ရှိသူများက စဉ်ဆက်မပြတ် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက်မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်တင်တင်လတ်က ကျေးလက်ဒေသ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ကို မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မြို့နယ်၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့များက စဉ်ဆက်မပြတ် ကြီးကြပ်ရန် လိုအပ်ကြောင်းပြောကြားပြီး ရှမ်းပြည်နယ်လူမှုရေးရာဝန်ကြီး ဒေါ်နန်းခမ်းလူက အမျိုးသမီးများ အနေဖြင့် ဦးဆောင်နိုင်သောအပိုင်းသို့ရောက်အောင် ကြိုးစားစေလိုပါကြောင်းပြောကြားကာ တက်ရောက်လာသည့် စေတနာ့ဝန်ထမ်းအမျိုးသမီးများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပုသိမ်မြို့၌ လူငယ်တွေ့ဆုံပွဲနှင့် လူငယ်အသိပညာပေးဟောပြောပွဲ ကျင်းပ

**ပုသိမ် ဇွန် ၁၄**

မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီနှင့် ဧရာဝတီတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီတို့ ပူးပေါင်းကျင်းပသည့် လူငယ်တွေ့ဆုံပွဲနှင့် လူငယ်အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် ပုသိမ်မြို့ မြို့တော်ခန်းမ၌ကျင်းပရာ လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မောင်သင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ကျောင်းသားလူငယ်များ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူလေးများက "အနာဂတ်ပန်း"၊ "လူငယ့်အားမာန် တိုင်းပြည်အဖိုးတန်" တေးသီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အတူ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် အားကစားပစ္စည်းများ ပေးအပ်သည်။ **(အောက်ပုံ)**

ယင်းနောက် စာရေးဆရာ ကိုရွှေအောင်သင်းက "လူငယ်နှင့် အနာဂတ်နိုင်ငံတော်" ခေါင်းစဉ်ဖြင့် လူငယ်ရေးရာ အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**




❑ *ကျော့ဖုံးမှ*

အသက် ၂၉ နှစ်အရွယ် ဗီကစ်သည် ဆီမီးဖိုင်နယ်တွင် ဗြိတိန်ထိပ်တန်းတင်းနစ်မယ် ကေတီဘော်လ်တာကို ၆-၁၊ ၆-၃ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ နောက်ဆုံးဗိုလ်လုပွဲတက်လှမ်းလာသူ ဖြစ်သည်။ ဗိုလ်လုပွဲတွင်လည်း ရာဒူကာနူ ကို ထပ်မံအနိုင်ယူကျော်ဖြတ်ကာ HSBC Championships ဖလားကို ထိုက်ထိုက်တန်တန် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ **အောင်ဇော်**

## စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် မုံရွာမြို့နှင့် အနီးဝန်းကျင်ရှိ ဒေသခံပြည်သူများအား အထူးကုဆရာဝန်ကြီးများက အခမဲ့ကွင်းဆင်းကုသပေးနေမှု ကြည့်ရှုအားပေး

**မုံရွာ ဇွန် ၁၄**



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေးသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ ခုတင် (၅၀၀) ဆံ့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးရှိ အထူးကုဆရာဝန်ကြီးများက မုံရွာမြို့နှင့် အနီးဝန်းကျင်ဒေသများမှ ပြည်သူများအား မုံရွာမြို့ အလုံရပ်ကွက်ရှိ ကျေးလက်ကျန်းမာရေးဌာန၌ ကင်ဆာ၊ စိတ်ကျန်းမာ၊ သားဖွား၊ မီးယပ်၊ သွားနှင့်ခံတွင်း၊ ခွဲစိတ်၊ အရိုး၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ မျက်စိနှင့် ကလေးကျန်းမာရေးဆိုင်ရာများကို အခမဲ့ကွင်းဆင်းကုသပေးနေမှုကို ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

**ဖြည့်ဆည်းပေါင်းစပ်ပေး**

ထိုသို့ကြည့်ရှုစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆေးကုသမှုလာရောက်ခံယူကြသည့် မုံရွာမြို့နှင့် အနီးဝန်းကျင်ရှိဒေသခံပြည်သူများအား နေ့လယ်စာ ထမင်းဘူးများ၊ အချိုရည်ဘူးများနှင့် သောက်သုံးရေသန့်များ ဝေငှပေးပြီး ကုသရေးလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

⁜ *ကျော့ဖုံးမှ*

နေ့ချင်းပြန် နှစ်ရက် သွားရောက်လေ့လာမည်ဖြစ်ပြီး ဇူလိုင်လ ဒုတိယပတ်အတွင်း သွားရောက်ရန်လျာထားကာ မိုးလေဝသအခြေအနေအပေါ်မူတည်၍ သွားမည့်နေ့ရက် အပြောင်းအလဲအနည်းငယ်ရှိနိုင်ကြောင်း သိရသည်။

သင်တန်းတွင် စာတွေ့သာမက လက်တွေ့ကွင်းဆင်းလေ့လာခြင်းများပါ ပါဝင်မည်ဖြစ်သောကြောင့် ငှက်မျိုးစိတ်များအကြောင်းကို စနစ်တကျနှင့် ပျော်ရွှင်စွာလေ့လာခွင့်ရရှိမည်ဖြစ်ကြောင်းလည်း သိရသည်။

**MT**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၁၄**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မိုး/ဇလ**

## မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ပွင့်လင်းရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ နွေဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ တစ်ခါတစ်ရံ ရေကြီးရေလျှံခြင်းများနှင့် မီးလောင်ကျွမ်းမှုများ ဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသောတိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသသတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော် အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊

(၃) သဘာဝဘေးဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်စီမံထားရန်၊

(၄) သဘာဝဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ဘေးလွတ်သော နေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၅) သဘာဝဘေးအန္တရာယ်ကျရောက်ချိန်၌ ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါ ကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၆) မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန်အတွက် မီးချိတ်၊ မီးကတ်၊ သဲပုံး၊ ရေပုံးနှင့် တစ်ပိုင်တစ်နိုင် ကနဦးမီးငြိမ်းသတ်နိုင်သော မီးသတ်ဆေးဘူးများအား အလွယ်တကူရယူနိုင်သောနေရာတွင်ထားရှိရန်၊

(၇) မီးဘေးအန္တရာယ်ကာကွယ်ရန်အတွက် မီးတားလမ်းများ ပြုလုပ်ထားရှိရန်၊

(၈) သိုလှောင်ထားသောတိရစ္ဆာန်အစာများကိုရေဘေးကင်းလွတ်ရာသို့ အချိန်မီပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၉) တိရစ္ဆာန်များ ကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများ ရရှိပါက ဆေးကုသမှု အမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၁၀) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

# အိုဘယ့် မိခင် ဧရာဝတီ (၅)

**တယော (ရေသယံဇာတ)**

ဧရာဝတီမြစ်ဝှမ်းအတွင်း အနိမ့်တမံများ တည်ဆောက်၍ ရေချိုအရင်းအမြစ်များ ပင်လယ်အတွင်းသို့ စီးဝင်စေခြင်းဖြင့် ဆုံးရှုံးလျက်ရှိသော ရေချိုများကို ထိန်းသိမ်းထားနိုင်ခြင်း၊ နိုင်ငံတော်၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ဧရာဝတီမြစ်ရေ၏ အရင်းအမြစ်မှ လျှပ်စစ်ဓာတ်အားထုတ်ယူ၍ အကျိုးရှိစွာအသုံးချနိုင်ခြင်း၊ ရေကြောင်းသွားလာရေးအတွက် လုံလောက်သော ရေစူးအနက်ရရှိနိုင်ခြင်း၊ မြေအောက်ရေ အလွန်အကျွံထုတ်ယူသုံးစွဲမှုကို လျှော့ချ၍ စိုက်ပျိုးရေ၊ စက်မှုလုပ်ငန်းသုံးရေနှင့် မြို့ပြရေလိုအပ်ချက်များကို လုံလောက်စွာထောက်ပံ့နိုင်ခြင်း၊ မြစ်ရေကို ၁၂ လ ရာသီပတ်လုံး ထိန်းညှိလွှတ်ပေးနိုင်သဖြင့် မြစ်ကြောင်းတစ်လျှောက် ခြောက်သွေ့သော ရာသီများတွင်လည်း စိမ်းစိုလာနိုင်ပြီး ရာသီဥတုမျှတလာနိုင်ခြင်း၊ ရေကြီးရေလျှံမှုနှင့် ရေလွှမ်းမိုးမှုမှ ကာကွယ်နိုင်ခြင်း၊ ရေကြောင်းခရီးသွားလာမှုနှင့် ကုန်စည်သယ်ယူပို့ဆောင်ရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်ခြင်း၊ လူမှုစီးပွားကဏ္ဍနှင့် မြစ်ဝှမ်းဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်လာနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။

တိုင်းပြည်တိုးတက်ရေးနှင့် ဘက်စုံဖွံ့ဖြိုးရေးအတွက် အခြေခံအကျဆုံးလိုအပ်ချက်မှာ လျှပ်စစ်ဓာတ်အားဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားလျှပ်စစ်ဓာတ်အား ရရှိရေးစီမံကိန်းအရ ၂၀၃၀ ပြည့်နှစ်တွင် ၁၀၀ ရာခိုင်နှုန်း အသုံးပြုနိုင်ရန် စီမံလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရ၏ ၂၀၃၀ ရည်မှန်းချက် ပြည့်မီနိုင်ရန်အတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရာတွင် ရေအားလျှပ်စစ်ကိုသာမက နေရောင်ခြည်စွမ်းအင်ကိုသုံး၍ ဓာတ်အားပေးခြင်း၊ အသေးစားရေအားလျှပ်စစ်စက်ရုံများ၊ လေစွမ်းအင်၊ ဒီဇယ်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံများဖြင့် လျှပ်စစ်ဓာတ်အားပေးနိုင်ရန် စီမံလျက်ရှိပါသည်။

ထိုသို့ လျှပ်စစ်ဓာတ်အားပေးစက်ရုံများကို နိုင်ငံပိုင်စက်ရုံ၊ ပုဂ္ဂလိကပိုင်စက်ရုံ၊ အကျိုးတူဖက်စပ်စက်ရုံ၊ တည်ဆောက်ထိန်းသိမ်းမောင်းနှင် လွှဲပြောင်း (BOT)စက်ရုံများ စသည်ဖြင့် နိုင်ငံတော်၏ အကျိုးစီးပွားရရှိနိုင်မှုနှင့် ရင်းနှီးမြှုပ်နှံနိုင်မှု အခြေအနေအပေါ် မူတည်ပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးခြင်းပုံစံများ ကွဲပြားခြားနားနိုင်သော်လည်း နိုင်ငံတော်ကို ရေရှည်အကျိုးစီးပွား ဖြစ်ထွန်းစေသော လျှပ်စစ်ဓာတ်အားပေးစက်ရုံများ ဖြစ်ပါသည်။

ဧရာဝတီမြစ်ဆုံ ရေအားလျှပ်စစ်စီမံကိန်းမှာ မေခမြစ်နှင့် မလိခမြစ်တို့ စတင်ပေါင်းဆုံရာနေရာတွင် တည်ဆောက်မည့် တပ်ဆင်စက်အင်အား မဂ္ဂါဝပ် ၅၆၀၀ ထွက်ရှိမည့် စီမံကိန်းတစ်ခုဖြစ်ပါသည်။ တမံတည်ဆောက်မည့် အမျိုးအစားမှာ ကွန်ကရစ်မျက်နှာပြင် ကျောက်ဖြည့်တမံအမျိုးအစားဖြစ်ပြီး တမံအမြင့် ၄၅၈ ပေ၊ အလျား ပေ ၄၃၀၀၊ တမံထုထည် ကျင်းသန်းပေါင်း ၆ ဒသမ ၅၄ သန်း ဖြစ်ပါသည်။ ရေလှောင်ကန်ဧရိယာသည် ၁၇၃ စတုရန်းမိုင် ကျယ်ဝန်းမည်ဖြစ်ပြီး တမံနှင့် အနီးဆုံးရှိသော ရေပြင်အကျယ်ဧရိယာမှာ ၆ ဒသမ ၇၅ စတုရန်းမိုင်ဖြစ်ပါသည်။

တမံရေလှောင်ခြင်းအား မေခမြစ်နှင့် မလိခမြစ်မှ စီးဝင်ရေပမာဏ၏ ၉၇ ဒသမ ၈၈ သိန်းကေပေကိုသာ သိုလှောင်၍ လျှပ်စစ်ထုတ်လုပ်ရေး ရေအားတာဘိုင်များ လည်ပတ်စေရန် အသုံးပြုမည်ဖြစ်ပြီး အသုံးပြုပြီး ရေများနှင့် တမံသိုလှောင်ပြီး ပိုလျှံရေများကို မူလမြစ်ကြောင်းအတွင်းသို့ ဆက်လက်စီးဝင်စေပါမည်။ ထို့ပြင် ဧရာဝတီမြစ်တွင် မြစ်လက်တက်ပေါင်း များစွာရှိသည့်အတွက် မြစ်ဆုံအောက်ဘက်ဒေသမှတစ်ဆင့် မြစ်အလယ်ပိုင်း၊ မြစ်အောက်ပိုင်းနှင့် မြစ်ဝကျွန်းပေါ်ဒေသများဆီသို့ စဉ်ဆက်မပြတ် ဆက်လက်စီးဆင်းနေမည်ဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့် ရေအားအရင်းအမြစ်တစ်ခုတည်း စိုက်ထုတ်အသုံးချသည် ဆိုသော်လည်း အလွန်အကျွံအတားအဆီးမဲ့ သုံးစွဲခြင်းမျိုးကို နိုင်ငံတော်၏ တည်ဆဲဥပဒေများက ခွင့်ပြုခြင်းမရှိဘဲ ကန့်သတ်ထားပါသည်။ စီမံကိန်းတစ်ခု ဆောင်ရွက်ရန် အဆိုပြုထားသော စီမံကိန်း၊ စီးပွားရေးလုပ်ငန်း၊ ဝန်ဆောင်မှု သို့မဟုတ် လုပ်ဆောင်မှုတစ်ခုခုကို ခွင့်ပြုရန်သင့်၏ မသင့်၏ ဆုံးဖြတ်နိုင်ရေးအတွက် ယင်းလုပ်ဆောင်မှုကြောင့် ပတ်ဝန်းကျင်၏ ရုပ်ပိုင်း၊ လူနှင့် သက်ရှိလောက၊ လူမှုရေးနှင့် လူမှုစီးပွားအပေါ် သိသာထင်ရှားစွာ ထိခိုက်ပြောင်းလဲမှု ဖြစ်ပေါ်စေနိုင်သည့် အလားအလာများ သို့မဟုတ် ထိခိုက်ပြောင်းလဲမှု ဖြစ်စဉ်များ ရှိ/မရှိ စနစ်တကျ ဆန်းစစ်နိုင်ရန် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း လုပ်ငန်းစဉ်ကို ဆောင်ရွက်ရမည်ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ (၂၀၁၄ ခုနှစ်)တွင် ပြဋ္ဌာန်းထားပါသည်။

ထို့ပြင် အကောင်အထည်ဖော် ဆောင်ရွက်မည့် စီမံကိန်း၊ စီးပွားရေးလုပ်ငန်း၊ ဝန်ဆောင်မှု သို့မဟုတ် လုပ်ဆောင်မှုတစ်ခုခုကို တည်ဆောက်ခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ လုပ်ငန်းလည်ပတ်ခြင်း၊ ရပ်စဲခြင်း၊ ပိတ်သိမ်းခြင်း စသော လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်မှုကြောင့် ပတ်ဝန်းကျင်ကို ဆိုးကျိုးသက်ရောက်ခြင်းမှ ကာကွယ်ရန်ဖြစ်စေ၊ ရှောင်လွှဲရန်ဖြစ်စေ၊ ဆိုးကျိုးသက်ရောက်မှုကို လျော့နည်းစေရန်ဖြစ်စေ ဆောင်ရွက်မည့်နည်းလမ်းများနှင့် အစီအစဉ်များကို ဖော်ပြသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ ယင်းတွင် ပတ်ဝန်းကျင်အခြေအနေ ပြောင်းလဲမှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များကို စောင့်ကြည့်လေ့လာမည့် အစီအစဉ်များနှင့် ပတ်ဝန်းကျင် ထိခိုက်မှုဆိုင်ရာ အရေးပေါ်အခြေအနေနှင့်စပ်လျဉ်း၍ ကြိုတင်စီမံထားရှိမှုများ ပါဝင်သည့် စီမံချက်များ ရေးသားထားရှိ၍ အကောင်အထည်ဖော်ရမည်ဟု ဆိုထားပါသည်။

မြန်မာနိုင်ငံ၏ အချုပ်အခြာနယ်နိမိတ်အတွင်း မှီတင်းနေထိုင်ကြသူများနှင့် စီးပွားရေးလုပ်ငန်းများ လာရောက်ရင်းနှီးမြှုပ်နှံသူများအနေဖြင့် မည်သူမဆို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များကို လေးစားလိုက်နာရမည်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၏ ပုဒ်မ ၄၅ နှင့် ပုဒ်မ ၃၉၀ တို့တွင် နိုင်ငံတော်၏ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရန် ဖော်ပြထားပါသည်။

၃၀-၃-၂၀၁၂ ရက်နေ့တွင် အခန်း ၁၄ ခန်း၊ ပုဒ်မ ၄၂ ခုပါဝင်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကို ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၉) ဖြင့် ပြဋ္ဌာန်းခဲ့ပါသည်။ ၅-၆-၂၀၁၄ ရက်နေ့တွင် အခန်း ၁၄ ခန်း၊ ပုဒ်မ ၇၄ ခု ပါဝင်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး အခန်း ၁၁ ခန်း၊ နောက်ဆက်တွဲ သုံးခုပါဝင်သော ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း လုပ်ထုံးလုပ်နည်းကို ၂၉-၁၂-၂၀၁၅ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၆၁၆/၂၀၁၅) ဖြင့် ပြဋ္ဌာန်းခဲ့ပါသည်။

> **“တမံမှ ရေအားလျှပ်စစ်ထုတ်လုပ်သည့် တာဘိုင်များလည်ပတ်ရန် လိုအပ်သော ရေပမာဏကိုသာ သိုလှောင်မည်ဖြစ်ပြီး ပိုလျှံသောရေများ၊ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ စက်လည်ပတ်ပြီး၍ အသုံးပြုပြီး ရေများက မူလမြစ်ကြောင်းအတွင်း ပြန်လည်၍ စီးဝင်မည်ဖြစ်သောကြောင့် မြစ်အောက်ဘက်တွင် ရေခန်းခြောက်မှုလည်း မရှိနိုင်ပါ။ တမံတွင် ရေသိုလှောင်ရန် ရေသိုလှောင်ပမာဏဇယားနှင့် သက်စောင့်ရေ နေ့စဉ်ထုတ်လွှတ်မည့် အချိန်၊ ပမာဏ ဖော်ပြချက်များကို အတိအလင်းဖော်ပြထားမည်ဖြစ်ခြင်းနှင့် ရင်းနှီးမြှုပ်နှံသူများက ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ လည်ပတ်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မှသာ ဝင်ငွေရရှိမည်ဖြစ်သောကြောင့် တမံကြီး၏အောက်ဘက် မူလမြစ်ကြောင်းအတွင်း ၁၂ လရာသီ ရေအမြဲစီးဆင်းနေမည်”**

ထို့ပြင် ရေအားလျှပ်စစ်စီမံကိန်းများအတွက် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ချက်များ Environmental Impact Assessment (EIA) ပြုလုပ်ရန် လုပ်ထုံးလုပ်နည်းနှင့် လမ်းညွှန်ချက်များကို International Finance Corporation (IFC)၏ အကူအညီဖြင့် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ပြဋ္ဌာန်းပြီးဖြစ်ပါသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာ နယ်နိမိတ်အတွင်းရှိ မြစ်ဝှမ်းများပေါ်တွင် ရေအားလျှပ်စစ်စီမံကိန်းများ တည်ဆောက် အကောင်အထည်ဖော်မည်ဆိုပါက နိုင်ငံပိုင်ဖြစ်စေ၊ ပုဂ္ဂလိကဖြစ်စေ၊ အကျိုးတူပူးပေါင်းဆောင်ရွက်သည်ဖြစ်စေ အထက်ဖော်ပြပါ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များကို လေးစားလိုက်နာရမည်ဖြစ်ပြီး လိုအပ်သော သဘာဝပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ချက်များ Environmental Impact Assessment (EIA)၊ Social Impact Assessment (SIA)၊ Environmental Management Plan (EMP)နှင့် Emergency Management Plan (EMP)တို့ ပြုလုပ်ရမည်ဖြစ်သည်။

ထပ်မံသိစေလိုသည်မှာ နိုင်ငံတော်၏ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းအရ ၂၀၃၀ ပြည့်နှစ်တွင် ၁၀၀ ရာခိုင်နှုန်း အသုံးပြုနိုင်ရန် စီမံလျက်ရှိသည့် အကြောင်းရင်းဖြစ်ပါသည်။ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်း၏ မူလအစမှာ ၂၀၁၃ ခုနှစ် မေလတွင် ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)နှင့် ကမ္ဘာ့မိတ်ဖက်အဖွဲ့အစည်းနိုင်ငံများ၏ အကူအညီဖြင့် စတင်ရေးဆွဲခဲ့ခြင်းဖြစ်သည်။ အဆိုပါ NEP စီမံကိန်းအရ ၂၀၂၀ -၂၀၂၁ ခုနှစ်တွင် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၈၀၀၀ ကျော်၊ ၂၀၂၅-၂၀၂၆ ခုနှစ်တွင် ၁၀၃၇၉ မဂ္ဂါဝပ်နှင့် ၂၀၃၀ ပြည့်နှစ်တွင် ၂၃၅၉၄ မဂ္ဂါဝပ် ထုတ်လုပ်နိုင်ရန် မျှော်မှန်းထားခဲ့ပါသည်။

လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိနိုင်မှုသည် လူနေထိုင်မှုဘဝ၊ ကုန်ထုတ်လုပ်ရေး၊ စီးပွားရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု စသည့်ကဏ္ဍများအတွက် အခြေခံလိုအပ်ချက်ဖြစ်ပါသည်။ ထို့မျှနှစ်စဉ်တိုးတက်၍ လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားများကို အရင်းအမြစ်ပေါင်းစုံ (Generation Mix)ဖြင့် ထုတ်လုပ်နိုင်ရန် ကြိုးပမ်းလျက်ရှိပြီး ထိုအထဲတွင် ဧရာဝတီမြစ်ဆုံ ရေအားလျှပ်စစ်စီမံကိန်းလည်း အပါအဝင်ဖြစ်ပါသည်။

ဧရာဝတီမြစ်ဆုံ ရေအားလျှပ်စစ်စီမံကိန်းမှာ ကွန်ကရစ်မျက်နှာပြင် ကျောက်ဖြည့်တမံဖြစ်ပါသည်။ စီမံကိန်းသည် စစ်ကိုင်းပြတ်ရွေ့နှင့် ၁၅ ဒသမ ၈၈ မိုင်ခန့်အကွာတွင် တည်ရှိနေ၍ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ရေးဆွဲထားသော Myanmar Hydropower Standards (MHS) ပါ လမ်းညွှန်ချက်များ၊ မြန်မာနိုင်ငံ အမျိုးသားတမံကြီးများကော်မတီ Myanmar National Committee on Large Dams (MNCOLD)၏ အနီးကပ်ကြီးကြပ်လမ်းညွှန်ချက်နှင့် ညွှန်ကြားချက်များ၊ နိုင်ငံတကာ တမံကြီးများကော်မတီ၏ လမ်းညွှန်ချက်နှင့် ညွှန်ကြားချက်များနှင့်အညီ တည်ဆောက်မည်ဖြစ်သည့်အပြင် Changjiang Institute of Survey, Planning, Design and Research (CISPDR) Design Institute အဖွဲ့မှ ပညာရှင်များ၏ အကြံပြုတွက်ချက်မှုဖြင့် တည်ဆောက်မည်ဖြစ်သောကြောင့် ငလျင်ဒဏ်နှင့် သဘာဝဘေးဒဏ်ကို ကောင်းစွာခံနိုင်မည်ဖြစ်ပါသည်။

BOT စနစ်ဖြင့် စက်ရုံလည်ပတ်မည့် စီမံကိန်းဖြစ်သည့်အတွက် အချိန်ကာလတစ်ခုကြာ ရင်းနှီးမြှုပ်နှံသူများက ထိန်းသိမ်း၊ မောင်းနှင်လည်ပတ်ပြီးပါက နိုင်ငံတော်က အလုံးစုံပိုင်ဆိုင်မည်ဖြစ်ပါသည်။ ထို့ပြင် ရင်းနှီးမြှုပ်နှံသူများက ထိန်းသိမ်း၊ မောင်းနှင်၊ လည်ပတ်နေစဉ် အခမဲ့ဓာတ်အား Free Power ရရှိနေမည်ဖြစ်ပြီး အဆိုပါလျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်းကို နိုင်ငံပိုင်ဌာနများမှ စီမံရမည်ဖြစ်သောကြောင့် စက်ရုံ၏ အရေးကိစ္စစီမံဆောင်ရွက်ခြင်းများကိုလည်း တစ်စိတ်တစ်ပိုင်း ပတ်သက်နေမည်ဖြစ်သည်။

ရေလှောင်တမံအတွင်း ရေသိုလှောင်ထားနိုင်သော ပမာဏမှာ ၉၇ ဒသမ ၈၈ သိန်းကေပေဖြစ်၍ ရေတန်ချိန် သန်းပေါင်း ၁၁၈၇၇ တန် ဖြစ်ပါသည်။ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ချက်များကိုလည်း နိုင်ငံတော်၏ ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များနှင့်အညီ ရေးသားပြုစုရမည်ဖြစ်ပြီး နိုင်ငံတကာစံချိန်စံညွှန်းနှင့်လည်း ကိုက်ညီရမည်ဖြစ်သည်။

တမံမှ ရေအားလျှပ်စစ်ထုတ်လုပ်သည့် တာဘိုင်များ လည်ပတ်ရန် လိုအပ်သော ရေပမာဏကိုသာ သိုလှောင်မည်ဖြစ်ပြီး ပိုလျှံသောရေများ၊ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ စက်လည်ပတ်ပြီး၍ အသုံးပြုပြီး ရေများက မူလမြစ်ကြောင်းအတွင်း ပြန်လည်၍ စီးဝင်မည်ဖြစ်သောကြောင့် မြစ်အောက်ဘက်တွင် ရေခန်းခြောက်မှုလည်း မရှိနိုင်ပါ။ တမံတွင် ရေသိုလှောင်ရန် ရေသိုလှောင်ပမာဏဇယားနှင့် သက်စောင့်ရေ နေ့စဉ်ထုတ်လွှတ်မည့် အချိန်၊ ပမာဏ ဖော်ပြချက်များကို အတိအလင်းဖော်ပြထားမည်ဖြစ်ခြင်းနှင့် ရင်းနှီးမြှုပ်နှံသူများက ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ လည်ပတ်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မှသာ ဝင်ငွေရရှိမည်ဖြစ်သောကြောင့် တမံကြီး၏ အောက်ဘက် မူလမြစ်ကြောင်းအတွင်း ၁၂ လရာသီ ရေအမြဲစီးဆင်းနေမည်ဖြစ်ပါသည်။ ။





တပ်မတော်စစ်ကြောင်းများက ကလေး-တမူးလမ်းကြောင်းပေါ်ရှိ ရာဇဂြိုဟ်ကျေးရွာအား ပြန်လည်ထိန်းချုပ်မှုကို တွေ့ရစဉ်။

❖ *ကျော်ဖုံးမှ*

အဆိုပါကလေး-တမူး လမ်းကြောင်းတစ်လျှောက်အား ပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးနိုင်ရေးအတွက် တပ်မတော်စစ်ကြောင်းများက ဇွန် ၁၃ ရက် ညနေပိုင်းတွင် ကလေးဘက်မှ နယ်မြေရှင်းလင်း၍ ချီတက်လာသော စစ်ကြောင်းသည် ရာဇဂြိုဟ်ကျေးရွာအား ပြန်လည်သိမ်းပိုက် ထိန်းချုပ်နိုင်ခဲ့ပြီး ယနေ့တွင်လည်း ရာဇဂြိုဟ်ရေလှောင်တမံအား ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည်။

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ရာဇဂြိုဟ်ရေလှောင်တမံအား ထိန်းချုပ်ထားစဉ်အတွင်း အဆိုပါရေလှောင်တမံကြီး၌ ဘန်ကာများ၊ ပစ်ကျင်းများပြုလုပ်၍ စစ်စခန်းအဖြစ် အသုံးပြုလျက်ရှိသည့်အပြင် ပြည်သူများ၏ လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေး၊ စိုက်ပျိုးရေရရှိရေးများအတွက် ထောက်ထားငဲ့ညှာမှုမရှိဘဲ ၎င်းတို့ကိုယ်ကျိုးစီးပွားအတွက်သာ လိုအပ်သလို အသုံးချပြီး ရေထိန်းတံခါးများအား ဖွင့်ခြင်း/ပိတ်ခြင်းများ ဆောင်ရွက်ခဲ့သဖြင့် ပတ်ဝန်းကျင်ကျေးရွာနေပြည်သူများ လျှပ်စစ်မီးမရရှိခြင်း၊ သောက်သုံးရေဖူလုံစွာ မရရှိခြင်းနှင့် စိုက်ပျိုးရေဖူလုံစွာမရရှိခြင်းများ ဖြစ်ပေါ်ခဲ့ရသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် ယခုကဲ့သို့ အကြမ်းဖက်သမားများ ယာယီစိုးမိုးထိန်းချုပ်ထားခဲ့သည့် ရာဇဂြိုဟ်ရေလှောင်တမံအား ပြန်လည်ထိန်းချုပ်နိုင်ခဲ့ခြင်းကြောင့် ဒေသနှင့် ဒေသတွင်းနေထိုင်ကြသည့် ပြည်သူလူထု၏ လူမှုစီးပွားဘဝပျက်စီးခြင်းများမှ ကာကွယ်ပေးနိုင်ခဲ့ပြီး ဒေသတွင်းတည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကို လုပ်ဆောင်နိုင်တော့မည့်အပြင် ရေထိန်းတံခါးများအား ပုံမှန်ချိန်အတိုင်း စနစ်တကျ ဖွင့်/ပိတ်ခြင်း၊ ရေထိန်းရေလှောင်ခြင်း၊ ရာသီအလိုက် စနစ်တကျရေပေးဝေခြင်း၊ ရေလွှတ်ခြင်းများဆောင်ရွက်ပြီး ဒေသခံပြည်သူများအတွက် လျှပ်စစ်မီးများ၊ သောက်သုံးရေများ၊ စိုက်ပျိုးရေများ ဖူလုံစွာရရှိအောင် ဆောင်ရွက်နိုင်တော့မည်ဖြစ်သောကြောင့် ဒေသခံပြည်သူများကလည်း ဝမ်းမြောက်ဝမ်းသာစွာဖြင့် တပ်မတော်စစ်ကြောင်းများအပေါ် ကျေးဇူးတင်မဆုံးဖြစ်နေကြောင်း သိရသည်။

ယခုအခါ တပ်မတော်စစ်ကြောင်းများက ဒေသတွင်း ပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်လုပ်ကိုင်စားသောက်နိုင်ရန်အတွက် ကလေး-တမူးလမ်းကြောင်းကို အမြန်ဆုံးပြန်လည်ထိန်းချုပ်ဖွင့်လှစ်နိုင်ရေး အကြမ်းဖက်သောင်းကျန်းသူများအား တိုက်ခိုက်ချေမှုန်းနိုင်ရေး နယ်မြေလုံခြုံရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



တပ်မတော်စစ်ကြောင်းများက ကလေး-တမူးလမ်းကြောင်းပေါ်ရှိ ရာဇဂြိုဟ်ရေလှောင်တမံအားပြန်လည်ထိန်းချုပ်မှုကို တွေ့ရစဉ်။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## မင်းလှမြို့၌ ထင်းအစားထိုးလောင်စာတိုးမြှင့်သုံးစွဲရေး လူထုပညာပေး



**မင်းလှ ဇွန် ၁၄**

မကွေးတိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး၏ စီစဉ်ကြီးကြပ်မှုဖြင့် ထင်းအစားအခြားလောင်စာ တိုးမြှင့်သုံးစွဲရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လူထုပညာပေးဟောပြောပွဲကို ဇွန် ၆ ရက်က ရုံးရပ်ကွက်မြောက်ပိုင်းရှိ သာသနာ့ဗိမာန်ဓမ္မာရုံ၌ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးသိုက်စိုးဦးက အမှာစကားပြောကြားပြီး မကွေးတိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌတို့က လူထုအသိပညာပေးဟောပြောဆွေးနွေးကာ စွမ်းအားမြှင့်အေဝမ်း မီးဖိုအလုံး ၄၀၀ ကို ပြည်သူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝင်းမြတ်(အထက်မင်းလှ)**

## ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး

**ရန်ကုန် ဇွန် ၁၄**

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးသင်တန်းကို ယနေ့နံနက်ပိုင်းက ကမာရွတ်မြို့နယ် အမှတ်(၇) ရပ်ကွက်ရှိ Times City, Jewellery Mall ၌ ဖွင့်လှစ်ရာ ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေ အကျိုးဆောင်များနှင့် အဖိုးတန်သတ္တု ရောင်းဝယ်သူများဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ညွှန်ကြားရေးမှူး ဦးဇော်တင်မိုးက အမှာစကားပြောကြားသည်။

သင်တန်းတွင် အဖိုးတန်သတ္တု(ရွှေ) ရောင်းဝယ်သူလုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာဌာနများမှထုတ်ပေးသော လိုင်စင်များ၊ အသိအမှတ်ပြုမှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်များ၊ အမိန့်ညွှန်ကြားချက်များ၊ AML/CFT ဆိုင်ရာအသိပညာပေးဆိုင်ရာများ ပို့ချပေးခဲ့ပြီး သင်တန်းသားသင်တန်းသူ ၂၈၂ ဦးအား အသိအမှတ်ပြုလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**စိမ်းလဲ့(ပြန်/ဆက်)**

## ညောင်လေးပင်မြို့၌ မိုးရာသီသစ်ပင်စိုက်ပျိုး



**ညောင်လေးပင် ဇွန် ၁၄**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မြို့နယ်သစ်တောဦးစီးဌာနမှကြီးမှူးကျင်းပသော ၂၀၂၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့နံနက်က တော်ပသီကျေးရွာ၌ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရာဇာမြင့်နှင့် လွှတ်တော်ကိုယ်စားလှယ်တို့က ပျိုးပင်များကိုပေးအပ်ပြီး အင်အား ၁၅၀ က ကျွန်း၊ ကံ့ကော်၊ ခရေ၊ ကြောင်လျှာ၊ စိန်ပန်းပြာ၊ စိန်ပန်းဝါ၊ မဟော်ဂနီ၊ ပိတောက်၊ မန်ကျည်းရှား၊ ပိန္နဲ၊ သရက် စုစုပေါင်းပျိုးပင် ၅၀၀ အား စုပေါင်း စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## လွိုင်လင်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ် ကွင်းဆင်းဆောင်ရွက်

**လွိုင်လင် ဇွန် ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ အသက်(၁၀)နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်မရှိသေးသော ကျောင်းသား ကျောင်းသူများအား ဇွန် ၁၃ ရက်က နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်အား မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်ဝင်းဦးဆောင်၍ ကွင်းဆင်းဆောင်ရွက်ပေးရာ ခရိုင်စီမံခန့်ခွဲရေး ကော်မတီအဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို ကျောင်းသား ကျောင်းသူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**အယ်မင်း(လွိုင်လင်)**



## မြို့သစ်မြို့နယ်၌ ၂၀၂၆ ခုနှစ် မိုးရာသီ(ပထမအကြိမ်) စုပေါင်းသစ်ပင်စိုက်ပျိုး



**မြို့သစ် ဇွန် ၁၄**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် သစ်တောဦးစီးဌာနမှ ၂၀၂၆ ခုနှစ်မိုးရာသီ(ပထမအကြိမ်) စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြေပြင်သာကျေးရွာအုပ်စု မြေပြင်သာကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းဝင်း၌ ကျင်းပရာ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်းထက်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ အထက(မြေပြင်သာ) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြပြီး တမာပင်၊ ပဲချယ်ရီပင်၊ ပိတောက်ပင်၊ ရင်းမာပင်၊ ဗာဒံပင်၊ မာတာကွတ်ပင် စုစုပေါင်းပျိုးပင် ၅၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## သက်ကြီးစာပေပညာရှင်များအား အိမ်တိုင်ရာရောက်ကန်တော့

**မန္တလေး ဇွန် ၁၄**

မြန်မာနိုင်ငံစာရေးဆရာအသင်းကိုယ်စား ချမ်းအေးသာစံမြို့နယ် စာရေးဆရာအသင်းအမှုဆောင်များက မန္တလေးမြို့မှ သက်ကြီးကန်တော့ခံစာပေပညာရှင်နှစ်ဦးအား ယနေ့နံနက်ပိုင်းက အိမ်တိုင်ရာရောက်သွားရောက်ကန်တော့ခဲ့ကြသည်။

ချမ်းအေးသာစံမြို့နယ်ရှိ သက်ကြီးစာပေပညာရှင်အသင်းနာယက ဒေါ်အေးအေးခိုင် (အေးအေးခိုင်-ပညာရေး)၏ နေအိမ်နှင့် သက်ကြီးကန်တော့ခံဦးဟန်သောင်း၏ နေအိမ်တို့တွင် မြန်မာနိုင်ငံစာရေးဆရာအသင်းကိုယ်စား ကန်တော့ခံ သက်ကြီးစာပေပညာရှင်များအား ကန်တော့ငွေများဖြင့် အိမ်တိုင်ရာရောက် သွားရောက်ကန်တော့ခဲ့ကြသည်။

ယင်းနောက် အသင်းနာယက ဒေါ်အေးအေးခိုင်(အေးအေးခိုင်-ပညာရေး)က မြို့နယ်စာရေးဆရာအသင်းသို့ ရန်ပုံငွေကျပ်တစ်သိန်း ထည့်ဝင်လှူဒါန်းခဲ့ကြောင်း သိရသည်။

**တင်မောင်-မန္တလေး**



ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ်၌ ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေး သမဝါယမအသင်း(လီမိတက်)၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ဇွန် ၁၄ ရက် နံနက် ၉ နာရီက ကျင်းပရာ ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေး သမဝါယမအသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် သမဝါယမဦးစီးအရာရှိ၊ အတွင်းရေးမှူးတို့က အမှာစကားနှင့် စာရင်းဖတ်ကြားရှင်းလင်းပြီး အသင်းသားကိုယ်စားလှယ်များထံ အတိုးငွေများ ထုတ်ပေးစဉ်။ မြို့နယ်(ပြန်/ဆက်)

## ကွန်ဟိန်းမြို့နယ်၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ကွန်ဟိန်း ဇွန် ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့ မြို့ရှောင်လမ်းဘေး၌ ဇွန် ၁၃ ရက်တွင် မြို့နယ်အဆင့်(ပထမအကြိမ်) သစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူး ရဲမှူးထွန်းသိန်းနှင့် အဖွဲ့ဝင်များ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ် သစ်တောဦးစီးဌာနနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူများက ကျွန်းပင်နှင့် ရေသင်းဝင်ပင် ၆၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ဟိန်းမင်း**



နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့၊ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။
ရတနာသစ်တော၊ ပြည့်သွေးကြော။ သစ်တောရတနာ၊ ထိန်းသိမ်းပါ။
သစ်ပင်နည်းလာ၊ တို့ကမ္ဘာ လွန်စွာပူအေး၊ ဥတုဘေး။

# အိန္ဒိယနိုင်ငံ၏ အမျိုးသားလူငယ်မူဝါဒနှင့် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်မှုများ (၂)

မောင်လူအေး(လူငယ်ရေးရာ)

### အိန္ဒိယလူငယ်များအတွက် ဆောင်ရွက်နေသော အစီအစဉ်များ

လူဦးရေအချိုးအစားအားဖြင့် လူငယ်ထုအများဆုံးရှိသည့် အိန္ဒိယနိုင်ငံအတွက် လူငယ်များ၏ စွမ်းရည်ဖွံ့ဖြိုးရေးသည် နိုင်ငံတော်၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကသော့ချက်တစ်ခုဖြစ်ပါသည်။ အိန္ဒိယနိုင်ငံ လူငယ်ရေးရာနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ လူငယ်ရေးရာဦးစီးဌာနအနေဖြင့် လူငယ်ရေးရာမူဝါဒများအား လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေသော အစီအစဉ်တစ်ခုမှာ လူငယ်နှင့်ဆယ်ကျော်သက်များ ဖွံ့ဖြိုးရေးအမျိုးသားအစီအစဉ် (National Program for Youth and Adolescent Development-NPYAD) ဖြစ်ပါသည်။ ဤအစီအစဉ်တွင် ရေတိုနှင့် ရေရှည်ရည်မှန်းချက်များ ထားရှိကာ လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ၅ နှစ်စီမံကိန်းများဖြင့် စနစ်တကျဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရသည်။

အိန္ဒိယအစိုးရ၏ လူငယ်များစွမ်းရည် ဖွံ့ဖြိုးရေး၊ ပညာရေး၊ အလုပ်အကိုင်နှင့် လုပ်မှုစီးပွားရေး အခွင့်အလမ်းများ တိုးတက်စေရန် အဓိကကျသော အစီအစဉ်တစ်ခုမှာ လူငယ်စင်တာများ ဖွင့်လှစ်ပေးခြင်းဖြစ်သည်။ အိန္ဒိယနိုင်ငံရှိ လူငယ်စင်တာများသည် လူငယ်များ၏ စွမ်းရည်များကို ပြုစုပျိုးထောင်ပေးရန်နှင့် အားကောင်းလာစေရန်အတွက် အချက်အချာကျသောနေရာအဖြစ် ဆောင်ရွက်ပေးပြီး အိန္ဒိယအစိုးရအနေဖြင့် စင်တာများအတွက် အရင်းအမြစ်များ ပံ့ပိုးကူညီခြင်းနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အလမ်းများ ပံ့ပိုးပေးခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

**Rashtriya Yuva Sashaktikaran Karyakram (RYSK)။** RYSK သည် လူငယ်များအား နိုင်ငံတည်ဆောက်ရေးလုပ်ငန်းစဉ်တွင် တက်ကြွစွာပါဝင်နိုင်စေရန်နှင့် ခေါင်းဆောင်မှုစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အိန္ဒိယနိုင်ငံ လူငယ်ရေးရာနှင့် အားကစားဝန်ကြီးဌာန လူငယ်ရေးရာဦးစီးဌာနက အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။ လူငယ်များအား ခေါင်းဆောင်မှုအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နိုင်ရန် လိုအပ်သောစွမ်းရည်နှင့် အခွင့်အလမ်းများကို ဖန်တီးပေးလျက်ရှိရာ အထူးသဖြင့် လူငယ်ဆိုင်ရာ လှုပ်ရှားမှုများ၊ လူငယ်ပွဲတော်များနှင့် လူငယ်ဖလှယ်ပွဲများ ကျင်းပပြုလုပ်ပေးခြင်း၊ နိုင်ငံတကာလူငယ်ဖလှယ်ရေးအစီအစဉ်များ ဆောင်ရွက်ပေးခြင်း၊ နိုင်ငံရေးနှင့်အုပ်ချုပ်ရေးကဏ္ဍအတွက် ခေါင်းဆောင်မှု လေ့ကျင့်ပျိုးထောင်ပေးခြင်းအစီအစဉ်များ ပါဝင်ပါသည်။

လူငယ်ဆိုင်ရာ လှုပ်ရှားမှုများတွင် အမျိုးသားစည်းလုံးညီညွတ်ရေးစခန်းများ၊ စွန့်စားရှာဖွေရေးစခန်းများ၊ ကျွမ်းကျင်မှုဆိုင်ရာစခန်းများ၊ စက်ဘီးစီးပြိုင်ပွဲများ၊ တောင်တက်ခြင်းနှင့် စကိတ်စီးခြင်း၊ မြစ်ရေပြင်ဖောင်စီးခြင်း စသည့်လှုပ်ရှားမှုများ ပါဝင်ပါသည်။

ထို့ပြင် လူငယ်များ၏ အမြင်နှင့်အကြံဉာဏ်များကို ထိရောက်စွာ ဖော်ထုတ်ပေးနိုင်စေရန်နှင့် မူဝါဒချမှတ်ခြင်းလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်နိုင်စေရန်အတွက် လူငယ်ပွဲတော်များနှင့် ဖလှယ်ပွဲများ ကျင်းပပြုလုပ်ပေးလျက်ရှိရာ ယင်းတို့အနက် ထင်ရှားသော အိန္ဒိယနိုင်ငံ၏ လူငယ်ပွဲတော်များမှာ အမျိုးသားလူငယ်နေ့၊ အမျိုးသားလူငယ် ပွဲတော်နှင့် အမျိုးသားလူငယ်လွှတ်တော်ပွဲတော်တို့ဖြစ်ပါသည်။

အမျိုးသားလူငယ်ပွဲတော်သည် လူငယ်ရေးရာဦးစီးဌာနက အိမ်ရှင်အဖြစ် ပြည်နယ်အစိုးရ တစ်ခုနှင့် ပူးပေါင်းကာ နှစ်စဉ်စီစဉ်ကျင်းပသော ပွဲတော်တစ်ခုဖြစ်ပါသည်။ အမျိုးသားလူငယ်လွှတ်တော်ပွဲတော်သည် ပြည်သူ့ရေးရာ မူဝါဒကိစ္စရပ်များအပေါ် လူငယ်များ၏ အသံကို နားထောင်ရန်နှင့် ဆွေးနွေးမှုပလက်ဖောင်းများမှတစ်ဆင့် အနာဂတ်လူငယ်ခေါင်းဆောင်များ ပြုစုပျိုးထောင်ပေးရန် ရည်ရွယ်သည့် ခြေလှမ်းတစ်ရပ်ဖြစ်ပါသည်။ လူငယ်များ၏ ခေါင်းဆောင်မှုနှင့် နိုင်ငံတကာအမြင်ရှုထောင့်များ ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတကာလူငယ်ဖလှယ်ရေးအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ G20 အိမ်ရှင်နိုင်ငံအဖြစ် အိန္ဒိယနိုင်ငံမှ တာဝန်ယူသည့် ၂၀၂၃ ခုနှစ်တွင် The Youth 20 Engagement Group အစီအစဉ်ကို G20 Forum ၌ ထည့်သွင်းကျင်းပပြုလုပ်ခဲ့ပါသည်။

**Nehru Yuva Kendra Sangathan Centers-NYKS။** NYKS Center များသည် အဖွဲ့ဝင် ၈ ဒသမ ၅ သန်းဖြင့် ဖွဲ့စည်းထားသော ကမ္ဘာ့အကြီးဆုံးလူငယ်အဖွဲ့အစည်းဖြစ်ပြီး အိန္ဒိယလူငယ်များ၏ ပင်ကိုစရိုက်နှင့် စွမ်းရည်ဖွံ့ဖြိုးရေးအတွက် ရည်ရွယ်ပါသည်။ အဓိကလုပ်ဆောင်ချက်များမှာ ပညာရေး၊ ကျန်းမာရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု၊ အိန္ဒိယနိုင်ငံတစ်ဝန်း တိုင်းရင်းသားလူငယ်များ ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်များ၊ လူငယ်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးအစီအစဉ်များ၊ ဒေသရှိ အနုပညာနှင့် ယဉ်ကျေးမှုမြှင့်တင်ရေးအစီအစဉ်များနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးစခန်းများ ဖွင့်လှစ်ခြင်းတို့ဖြစ်သည်။

အထူးသဖြင့် ကျေးလက်လူငယ်များ၏ စွမ်းရည်ဖွံ့ဖြိုးရေးအတွက် ပံ့ပိုးပေးခြင်းဖြစ်ပြီး ကိုယ်ပိုင်အရည်အသွေးဖွံ့ဖြိုးတိုးတက်စေရန်၊ ခေါင်းဆောင်မှုအရည်အချင်း မြှင့်တင်ရန်နှင့် လူမှုအကျိုးပြုလုပ်ငန်းများတွင် ပါဝင်လာစေရန် စည်းရုံးဆောင်ရွက်လျက်ရှိသည်။ ပညာသင်ယူခွင့်မရရှိသော ကျေးလက်လူငယ်များအား လိုအပ်သောဝန်ဆောင်မှုနှင့်သတင်းအချက်အလက်များ ပံ့ပိုးပေးခြင်းသာမက ပညာသင်ယူမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးလျက်ရှိပါသည်။ နိုင်ငံနှင့်အဝန်း NYKS Centers ၁,၂၀၀ ကျော်ကို တည်ထောင်ဖွင့်လှစ်ထားရှိပြီး ကျေးလက်လူငယ်အသင်းအဖွဲ့များ (Youth Clubs) ၃ ဒသမ ၆ သိန်းကျော်ရှိကာ လူငယ်အင်အား ၅ သန်းကျော်ကို ကျေးလက်ဒေသ သန့်ရှင်းရေး၊ ကျန်းမာရေးအသိပညာပေးရေးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးလုပ်ငန်းများတွင် စနစ်တကျစည်းရုံး လှုပ်ရှားဆောင်ရွက်လျက်ရှိသည်။

**Rajiv Gandhi National Institute of Youth Development -RGNIYD။** RGNIYD သည် နိုင်ငံတော်၏ အရေးပါသောအဖွဲ့အစည်းတစ်ခုဖြစ်ပြီး လူငယ်အဖွဲ့အစည်းများနှင့် လူငယ်များအတွက် လေ့ကျင့်ရေးဗဟိုဌာနအဖြစ် တည်ထောင်ထားခြင်းဖြစ်သည်။ လူငယ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နယ်ပယ်အသီးသီးရှိ သုတေသနလုပ်ငန်းများနှင့် သင်တန်းပို့ချပေးခြင်းအစီအစဉ်များတွင် ပါဝင်ဆောင်ရွက်နေသော အရင်းအမြစ်စင်တာတစ်ခုဖြစ်သည်။

လူငယ်ဖွံ့ဖြိုးရေးနှင့် တိုက်ရိုက်သက်ဆိုင်သည့် လူမှုရေး သိပ္ပံဘာသာရပ်များကို သင်ကြားပို့ချပေးခြင်း၊ သင်ရိုးဒီဇိုင်းများ ရေးဆွဲပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ လူငယ်များအတွက် ခေတ်သစ်အလုပ်အကိုင်ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသော လက်မှုပညာသင်တန်းများ ဖွင့်လှစ်ပေးခြင်းနှင့် အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ပြင် RGNIYD သည် အားနည်းသည့်လူငယ်များ အထူးသဖြင့် ဝေးလံခေါင်ဖျားဒေသမှလူငယ်များအတွက် ကျွမ်းကျင်မှုဆိုင်ရာသင်တန်းများ၊ စွန့်ဦးတီထွင်မှုဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် လူမှုသဟဇာတဖြစ်စေရေး ဘက်စုံကဏ္ဍစုံအစီအစဉ်များကို ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

**အမျိုးသားဝန်ဆောင်မှုအစီအစဉ်(NSS)။** ၁၉၆၉ ခုနှစ်တွင် စတင်ခဲ့သော အမျိုးသားဝန်ဆောင်မှု အစီအစဉ်သည် ပညာရေးအဖွဲ့အစည်းများ (အထက်တန်းကျောင်းများ၊ ကောလိပ်များနှင့် တက္ကသိုလ်များ)မှတစ်ဆင့် ဆောင်ရွက်ပြီး ကျောင်းသားများအကြား စေတနာ့ဝန်ထမ်းစိတ်ဓာတ်ကို မြှင့်တင်ပေးခြင်းနှင့် စေတနာ့ဝန်ထမ်းများ မွေးထုတ်ပေးခြင်းကို အဓိက လုပ်ဆောင်ပေးပါသည်။

NSS ၏ ဆောင်ပုဒ်ဖြစ်သည့် "Not Me But You" ဆိုသည်မှာ လူမှုအသိုက်အဝန်းကို ဝန်ဆောင်မှုပေးရန် ကတိကဝတ်ကို အလေးထားဖော်ပြနေခြင်းဖြစ်သည်။ NSS စေတနာ့ဝန်ထမ်းများက အထူးစခန်းများ၊ အရွယ်ရောက်ပြီးသူစာတတ်မြောက်ရေးအတွက် လူထုလှုပ်ရှားမှုအစီအစဉ်များ၊ သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေးအစီအစဉ်များ၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် ရပ်ရွာကျန်းမာရေး အစီအစဉ်များအပါအဝင် ရပ်ရွာဖွံ့ဖြိုးရေးလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ကြပါသည်။ ဤအစီအစဉ်များသည် ပညာတတ်လူငယ်များအကြား တာဝန်ယူမှု၊ လူမှုဆက်ဆံရေးနှင့် လူ့အဖွဲ့အစည်းအတွင်း တက်ကြွပြီး တာဝန်သိသော နိုင်ငံသားကောင်းများဖြစ်လာစေရန် ပျိုးထောင်ပေးသော အစီအစဉ်တစ်ခုဖြစ်ပါသည်။

**လူငယ်ဖွံ့ဖြိုးရေးစင်တာ(Youth Development Center-YDC)။** လူငယ်ဖွံ့ဖြိုးရေးစင်တာများသည် ကျေးလက်ဒေသလူငယ်များ၏ အလုံးစုံဖွံ့ဖြိုးတိုးတက်ရေးအတွက် စတင်လုပ်ဆောင်နေသော အစီအစဉ်တစ်ခုဖြစ်ပါသည်။ လူငယ်ဖွံ့ဖြိုးရေးစင်တာတစ်ခုသည် ကျေးရွာ ၁၀ ရွာကို လွှမ်းခြုံထားရှိပြီး လူငယ်များအတွက် သတင်းအချက်အလက်၊ လေ့ကျင့်ရေးနှင့် အားကစားမြှင့်တင်ရေး ဗဟိုချက်အဖြစ် လုပ်ဆောင်နေခြင်းဖြစ်သည်။

လက်ရှိတွင် ကျေးလက်နှင့် မြို့ပြဒေသများ၌ လူငယ်ဖွံ့ဖြိုးရေးစင်တာ ၃၀၀၀ ခန့် ဖွင့်လှစ်ထားရှိပြီးဖြစ်သည်။ လူငယ်စွမ်းရည်မြှင့်တင်ရေးအတွက် "လူငယ်လှုပ်ရှားမှုများနှင့် လေ့ကျင့်မှုမြှင့်တင်ရေးအတွက် ငွေကြေးအကူအညီအစီအစဉ်"ကိုအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ၎င်းအစီအစဉ်တွင် အသက်မွေးဝမ်းကျောင်းသင်တန်းများ၊ စွန့်ဦးတီထွင်မှုနှင့် ပြပွဲများဟူ၍ အပိုင်းသုံးပိုင်းပါဝင်ကာ ငွေကြေးအကူအညီနှင့် လေ့ကျင့်ရေးကဏ္ဍ နှစ်ရပ်လုံးကို ပံ့ပိုးကူညီပေးနေခြင်းဖြစ်ပါသည်။ လူငယ်စင်တာများသည် ပိုမိုကောင်းမွန်သော အလုပ်အကိုင်အခွင့်အလမ်းများရှာဖွေရန်အတွက် ၎င်းတို့၏ ဇာတိဒေသမှ ပြောင်းရွှေ့လာသော ကျေးလက်လုပ်သားများနှင့် ရွှေ့ပြောင်းအလုပ်သမားများ၏ အခက်အခဲများကို လျှော့ချပေးရန်နှင့် မြို့ပြအလုပ်သမား ဈေးကွက်နှင့်ကိုက်ညီသော ဝင်ငွေနှင့်လူနေမှုဘဝများ ပိုမိုရရှိစေရန် ဝန်ဆောင်မှုများကို ပံ့ပိုးဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

**ကျေးလက် သတင်းအချက်အလက်နည်းပညာ လူငယ်ဖွံ့ဖြိုးတိုးတက်ရေးစင်တာများ (Rural Information Technology Youth Development Centers-RITYDC)။** RITYDC များကို အိန္ဒိယနိုင်ငံ လူငယ်ရေးရာနှင့် အားကစားဝန်ကြီးဌာနမှ ၂၀၀၃-၂၀၀၄ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပါသည်။ ယင်းမှာ နည်းပညာခေတ်တွင် ကျေးလက်နေလူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်သည့် အဓိကအစီအမံများမှ တစ်ခုဖြစ်သည်။ ကျေးလက်နေလူငယ်များအား အစိုးရ၏ ဝန်ဆောင်မှုများကို လက်လှမ်းမီစေရေး ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြစ်သည်။ အစိုးရ၏ အမျိုးမျိုးသော လူမှုဖူလုံရေးအစီအစဉ်များနှင့် သတင်းအချက်အလက်များ ရရှိစေရန်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ရပ်ရွာ လူမှုဖူလုံရေးနှင့် အပန်းဖြေလှုပ်ရှားမှုများတွင် လူငယ်များ စေတနာ့ဝန်ထမ်းစိတ်ဓာတ်ဖြင့် အပြည့်အဝ ပါဝင်လာနိုင်စေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။ ကျေးလက်နေလူငယ်များအတွက် အခြေခံ အသုံးအဆောင်ပစ္စည်းများ ပံ့ပိုးပေးခြင်းနှင့် နည်းပညာသုံးစွဲနိုင်မှု လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းတို့ ပြုလုပ်လျက်ရှိပါသည်။ ။

> “ လက်ရှိတွင် ကျေးလက်နှင့် မြို့ပြဒေသများ၌ လူငယ်ဖွံ့ဖြိုးရေးစင်တာ ၃၀၀၀ ခန့် ဖွင့်လှစ်ထားရှိပြီးဖြစ်သည်။ လူငယ်စွမ်းရည်မြှင့်တင်ရေးအတွက် “လူငယ်လှုပ်ရှားမှုများနှင့် လေ့ကျင့်မှုမြှင့်တင်ရေးအတွက် ငွေကြေးအကူအညီအစီအစဉ်” ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ၎င်းအစီအစဉ်တွင် အသက်မွေးဝမ်းကျောင်းသင်တန်းများ၊ စွန့်ဦးတီထွင်မှုနှင့် ပြပွဲများဟူ၍ အပိုင်းသုံးပိုင်းပါဝင်ကာ ငွေကြေးအကူအညီနှင့် လေ့ကျင့်ရေးကဏ္ဍ နှစ်ရပ်လုံးကို ပံ့ပိုးကူညီပေးနေခြင်းဖြစ်ပါသည် ”

## ကမ္ဘာ့သွေးလှူရှင်များနေ့အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပွဲကျင်းပ

**ရန်ကုန် ဇွန် ၁၄**

ကမ္ဘာ့သွေးလှူရှင်များနေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ သံမဏိလုပ်ငန်းရှင်များ အသင်းက စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းက အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀)၌ ပြုလုပ်သည်။

ထို့နောက် မြန်မာနိုင်ငံသံမဏိလုပ်ငန်းရှင်များ အသင်း ဦးဆောင်မှုဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအသင်းခွဲများ၊ မိတ်ဖက်အသင်းဝင်များ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ပရဟိတကွန်ရက်တို့ ပူးပေါင်းပြီး ကမ္ဘာ့သွေးလှူရှင်များနေ့ အထိမ်းအမှတ်အဖြစ် စွန့်လွှတ်စွန့်စား မြန်မာ့တပ်မတော်သားများကို ဂုဏ်ပြုသည့်အနေဖြင့် သွေးလှူရှင် ၁၂၅ ဦးတို့က စုပေါင်းသွေးလှူဒါန်းကြသည်။

သွေးလှူဒါန်းစဉ် ခုတင် (၁၀၀၀) ဆေးရုံ တပ်မှူးနှင့် တပ်မတော်အရာရှိများ၊ အသင်း ဥက္ကဋ္ဌ ဦးကျော်ကျော်ဦးနှင့် အမှုဆောင်များက သွေးလှူရှင်များကို အားပေးကြည့်ရှုပြီး စားသောက်ဖွယ်ရာများကို ပေးအပ်ခဲ့ကြသည်။

**မျိုးမင်းသူရ**



## တံတားဦးမြို့နယ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**တံတားဦး ဇွန် ၁၄**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၃ ရက်က ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် ၃၄၈/၀ မြေကွက်လပ်နေရာ၌ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဝင်များ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျနှင့် တာဝန်ရှိသူများက တမာ၊ ပိတောက်၊ သဘော်ကုက္ကို၊ ဒဟတ်စသည့် စုစုပေါင်းအပင် ၅၀၀ ကို စုပေါင်းစိုက်ပျိုးပေးကြသည်။ **မြို့နယ်(ပြန်/ဆက်)**



## သနပ်ပင်မြို့နယ် ကလိုင်ရွာ၌ သံကူကွန်ကရစ်တံတားတည်ဆောက်မည်



**သနပ်ပင် ဇွန် ၁၄**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ၂၀၂၆-၂၀၂၇ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စု (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ကလိုင်ရွာလယ် သံကူကွန်ကရစ်တံတား ပေ (၁၂၀ x ၂၀) (ပထမပိုင်း) တည်ဆောက်မည်ဖြစ်ပြီး ဆောက်လုပ်မည့်နေရာသို့ (ရုံးချုပ်) မှ အင်ဂျင်နီယာချုပ် ဦးထွန်းဝေက ယနေ့ နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ဆောင်ရွက်ပြီးစီးပြီဖြစ်သည့် စွံပိတံတား သစ်သားကြမ်းခင်း ပြုပြင်ခြင်းလုပ်ငန်းကို အင်ဂျင်နီယာချုပ် ဦးထွန်းဝေနှင့် တာဝန်ရှိသူများက စစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်

**နေပြည်တော် ဇွန် ၁၄**



ယနေ့ မြန်မာစံတော်ချိန် ညနေ ၅ နာရီ ၀၉မိနစ် ၄၁စက္ကန့်တွင် ကမ္ဘာ့အေးမြေငလျင် စခန်းမှ အရှေ့-အရှေ့မြောက်ဘက် ၁၅ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (ဒဂုံမြို့သစ်၏ အရှေ့ - အရှေ့မြောက်ဘက် (၁၀) မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၁၆ ဒသမ ၈၉ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၃၈ ဒီဂရီ၊ အနက် ၁၂ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၃ ဒသမ ၁ (M) အဆင့်ရှိ အင်အားအနည်း ငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ **မိုး/ဇလ**

○ *ကျောဖုံးမှ*

ကားလမ်းတွင် မိုင်းပျဉ်းမြို့ အလယ်ပိုင်းရပ်ကွက်နေ စိုင်းဦးဟောင် (၄၅) နှစ် မောင်းနှင်ပြီး မိုင်းပျဉ်းမြို့နယ် ယမ်းမိုင်ရွာနေသူများဖြစ်သည့် စိုင်းခမ်းလှ(၃၂) နှစ်၊ ဝီးဝါလ(၄၀)နှစ်တို့ လိုက်ပါလာသော မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၅၇၀၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၂၈၅၀) ဖမ်းဆီးရမိသဖြင့် စိုင်းဦးဟောင်၊ စိုင်းခမ်းလှနှင့် ဝီးဝါလတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိကြောင်း သိရသည်။

ထို့အပြင် ယင်းနေ့ မွန်းလွဲ ၃ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် ကျုံစု(တိုးချဲ့) ရပ်ကွက်နေ လင်းလင်းနိုင်(၃၈) နှစ်နှင့် သန္တာအောင်(၂၅)နှစ်တို့ ငှားရမ်းနေထိုင်သည့်နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းတို့နှင့်အတူ လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် (၂၂) ရပ်ကွက်နေ သိမ့်သိမ့်ထွန်း (ခ) ပြည့်ပြည့် (၂၃) နှစ်၊ လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် (၁၂) ရပ်ကွက်နေ အိခိုင်ဇင် (ခ) အမွှေစိန် (၁၈)နှစ်တို့ကို တွေ့ရှိရပြီး နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၃၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေကျပ် ၈၆ သိန်း) နှင့် မြန်မာငွေကျပ် ၂၀၀၀၀ တို့အား ဖမ်းဆီးရမိသဖြင့် လင်းလင်းနိုင်၊ သန္တာအောင်၊ သိမ့်သိမ့်ထွန်း (ခ) ပြည့်ပြည့်နှင့် အိခိုင်ဇင် (ခ) အမွှေစိန်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိကြောင်း သိရသည်။

**သတင်းစဉ်**



တရားခံ လင်းလင်းနိုင်၊ သန္တာအောင်၊ သိမ့်သိမ့်ထွန်း(ခ)ပြည့်ပြည့်နှင့် အိခိုင်ဇင်(ခ)အမွှေစိန်တို့အား သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## နေ့အပူချိန်မြင့်မားခဲ့သော စခန်းများ၏ ၁၄-၆-၂၀၂၆ ရက်နေ့ အမြင့်ဆုံးနေ့အပူချိန်များ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့များ | အမြင့်ဆုံး အပူချိန် ဒီဂရီ ဆဲလ်စီးယပ် | အမြင့်ဆုံးအပူချိန် ဒီဂရီဖာရင်ဟိုက် |
|---|---|---|---|
| ၁။ | မုံရွာမြို့ | ၃၆.၀ | ၉၆.၈ |
| ၂။ | မြင်းမူမြို့ | ၃၅.၇ | ၉၆.၃ |
| ၃။ | ကျောက်ဆည်(လွန်ကျော်) | ၃၅.၅ | ၉၅.၉ |
| ၄။ | တံတားဦး (လေကြောင်းမိုးလေဝသ) | ၃၅.၅ | ၉၅.၉ |
| ၅။ | ဂန့်ဂေါမြို့ | ၃၅.၂ | ၉၅.၄ |
| ၆။ | မန္တလေးမြို့ | ၃၅.၀ | ၉၅.၀ |
| ၇။ | တောင်တွင်းကြီးမြို့ | ၃၅.၀ | ၉၅.၀ |
| ၈။ | မော်လိုက်မြို့ | ၃၄.၆ | ၉၄.၃ |
| ၉။ | ကလေးမြို့ | ၃၄.၆ | ၉၄.၃ |

## ပျော်ဘွယ်မြို့နယ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုး



**ပျော်ဘွယ် ဇွန် ၁၄**

ပျော်ဘွယ်မြို့နယ် သစ်တောဦးစီးဌာနမှဦးဆောင်၍ ၂၀၂၆ ခုနှစ် မိုးရာသီစုပေါင်း သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၃ ရက်က ရွှေပြည်ရန်အောင်ရပ်ကွက် သီရိဝဏ္ဏဂေါက်ကလပ် အားကစားကွင်း၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များနှင့် ပြည်သူများက ပိတောက်၊ မဲဇလီ၊ တမာ၊ ကုက္ကို၊ စစ်၊ စိန်ပန်း၊ စသည့်ပျိုးပင် ၆၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

**မင်းမင်းထွေး**
**(ပျော်ဘွယ်)**

## မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်

**နေပြည်တော် ဇွန် ၁၄**

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

**နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက်၊ တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင်**
**အခုချိန်စိုက် နောက်မကျ၊ ဒုတိယအကြိမ် အကောင်းဆုံးပ။**

**ထာဝရကုသိုလ်ရယူဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့။**

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ။**

## မိုးညှင်းမြို့၌ ၂၀၂၆ ခုနှစ် မိုးရာသီ (ခရိုင်အဆင့်) စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**မိုးညှင်း ဇွန် ၁၄**

ကချင်ပြည်နယ် မိုးညှင်းမြို့တွင် မြို့နယ်သစ်တောဦးစီးဌာန၏အစီအစဉ်ဖြင့် ၂၀၂၆ ခုနှစ် မိုးရာသီ(ခရိုင်အဆင့်) စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၃ ရက်က အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း(မိုးညှင်း)၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးတင့်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးမင်းကိုကို၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ကျောင်းအုပ်ကြီးနှင့် ကျောင်းသား ကျောင်းသူများက ပျိုးပင်ပေါင်း ၁၀၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ရွှေမိုးညှင်း**



## စစ်ကိုင်းမြို့၌ ၂၀၂၆ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**စစ်ကိုင်း ဇွန် ၁၄**

စစ်ကိုင်းခရိုင် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ကြီးမှူး၍



၂၀၂၆ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့နံနက်ပိုင်းက စစ်ကိုင်းပညာရေးတက္ကသိုလ်၌ ကျင်းပရာ စစ်ကိုင်းခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက အမှာစကားပြောကြားပြီး စစ်ကိုင်းပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအေးသက်သက်ဝင်း၊ တက္ကသိုလ်အသီးသီးမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ပိတောက်ပျိုးပင်ပေါင်း ၇၅၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**နေလင်းအောင်(ပြန်/ဆက်)**

## ရေတာရှည်မြို့နယ်၌ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ရေတာရှည် ဇွန် ၁၄**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သစ်ပင်စိုက်ပွဲကို ယမန်နေ့က ဘိုးတော်ကုန်း ဝန်ထမ်းအိမ်ရာ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပျိုးပင် ၃၀၀ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





## ကျိုက်လတ်မြို့နယ်၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ကျိုက်လတ် ဇွန် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်တွင်၂၀၂၆ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့က ဖျာပုံ-ကျိုက်လတ် ကားလမ်းဘေး၌ ကျင်းပရာ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲသို့ ဖျာပုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်လွင်ဦးနှင့် တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများက ပျိုးပင်ပေါင်း ၅၄၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**လှိုင်မင်းအောင် (ပြန်/ဆက်)**

## မြစ်သားမြို့နယ်၌ ၂၀၂၆ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုး

**မြစ်သား ဇွန် ၁၄**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်တွင် ၂၀၂၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၂ ရက်က အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းဝင်းအတွင်း မြေကွက်လပ်၌ ပြုလုပ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့၊ အပူပိုင်းဒေသ စိမ်းလမ်းစိုပြည်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်း



သူများက ပျိုးပင် ၅၄၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ဝါဝါမြင့် (မြစ်သား)**



## ဖြူးမြို့နယ်၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ဖြူး ဇွန် ၁၄**

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဖြူးမြို့နယ် သစ်တောဦးစီးဌာနက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စိမ်းလန်းစိုပြည်ရေးအတွက် ၂၀၂၆ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၃ ရက်က ရန်ကုန်-မန္တလေးလမ်းဘေး လူငယ့်အားမာန်ဝင်းအတွင်း၌ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဖြိုးမင်းဟန်၊ တောအုပ်ကြီးများနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက ပျိုးပင်ပေါင်း ၅၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## ဇလွန်မြို့နယ်၌ ခရိုင်အဆင့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ဇလွန် ဇွန် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့ ညောင်ပင်ဈေးရပ်ကွက် သံလွင်ကွင်းရပ်၌ ဇွန် ၁၃ ရက်က ခရိုင်အဆင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှိုင်ထွန်း၊ ခရိုင်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးချစ်လှိုင်နှင့် ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ပျိုးပင် ၇၆၀ ကို စုပေါင်း စိုက်ပျိုးခဲ့ကြသည်။

**ဝေယံ(ပြန်/ဆက်)**



## အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ၂၀၂၆ ခုနှစ် မိုးရာသီ လူထုလှုပ်ရှားမှု သစ်ပင်စိုက်ပျိုး

**ညောင်ဦး ဇွန် ၁၄**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ညောင်ဦးခရိုင် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးဆောင်မှုဖြင့် ၂၀၂၆ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ကုန်းတန်းကြီးကျေးရွာအုပ်စု ပုဂံဘူတာကြီးဝင်းအတွင်း ယမန်နေ့က စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညို နှင့် ကော်မတီဝင်များ၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများက ပျိုးပင်ပေါင်း ၁၀၀၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ဒီပါလင်း**



## မြင်းမူမြို့၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုး

**မြင်းမူ ဇွန် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်တွင် ၂၀၂၆ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၃ ရက်က မြင်းမူမြို့ အနောက်ပိုင်းရပ်ကွက် မုံရွာ-မန္တလေး လမ်းမကြီးဘေး အားကစားကွင်းရှေ့နှင့် အထက(၂)ကျောင်းဝင်းအတွင်း၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာန၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ စုပေါင်း၍ ပျိုးပင် ၉၀၀ ကို စိုက်ပျိုးခဲ့ကြသည်။

**နေလင်းအောင်(ပြန်/ဆက်)**



## ပုဗ္ဗသီရိမြို့နယ်၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**နေပြည်တော် ဇွန် ၁၄**

ပြည်ထဲရေးဝန်ကြီးဌာန၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့မှ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၃ ရက်က နေပြည်တော် ပုဗ္ဗသီရိမြို့နယ်အမှတ်(၂၀) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း၌ ကျင်းပရာ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့မှ ခေတ္တတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သိန်းထွန်း ဦးဆောင်၍သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကျွန်းပင် ၃၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**အောင်ကို(ပုဗ္ဗသီရိ)**



## လပွတ္တာမြို့နယ်၌ ခရိုင်အဆင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**လပွတ္တာ ဇွန် ၁၄**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့၌ ၂၀၂၆ ခုနှစ် ခရိုင်အဆင့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၃ ရက်က လပွတ္တာခရိုင် (၃)မိုင်မြို့ မြသန်းတန်ဘုရားအနီး၌ ကျင်းပရာ ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ အခြေခံပညာအထက်တန်းကျောင်း (၃) မိုင်မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ပျိုးပင်ပေါင်း ၁၂၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မော်လမြိုင်မြို့၌ ကမ္ဘာ့ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ



**မော်လမြိုင် ဇွန် ၁၄**

၂၀၂၆ခုနှစ် ဇွန်လ ၁၂ ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ဇွန် ၁၂ ရက်က Royal Mawlamyine အစည်းအဝေးခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးတင်ဇော်ထွန်းက အမှာစကားပြောကြားပြီး မွန်ပြည်နယ်ကလေးအလုပ်သမားပပျောက်ရေးကော်မတီအတွင်းရေးမှူးနှင့် ပြည်နယ်ရဲအကူတပ်ဖွဲ့ခွဲမှူး ဒုရဲမှူးကြီး ကျော်ဝင်းတို့က ကလေးအလုပ်သမားခိုင်းစေခြင်းနှင့် ပတ်သက်သည့် အရေးယူဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

## ဒက္ခိဏသီရိမြို့နယ်၌ သဘာဝမြေဩဇာထုတ်လုပ်နည်းပြသ

**နေပြည်တော် ဇွန် ၁၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်တွင် ဒေသခံတောင်သူများအားသဘာဝမြေဩဇာ(ဘိုင်အိုချာ) ထုတ်လုပ်နည်း လက်တွေ့ပြုလုပ်ပြသခြင်းကို ဇွန် ၁၂ ရက်က ချိုင်းကျေးရွာ တောင်သူ ဦးကျောက်၏ ခြံဝင်း၌ မြို့နယ်စိုက်ပျိုးရေးဦးစီး ဌာနဦးစီးမှူး ဦးမြင့်နိုင်က ပြုလုပ်နည်းအဆင့်ဆင့်၊ လိုအပ်သည့် ပစ္စည်း၊ ထည့်သွင်းသည့်နှုန်းထားများနှင့် အကျိုးကျေးဇူးများကို အသိပညာပေးရှင်းလင်းပြောကြားသည်။



ထို့နောက် သဘာဝမြေဩဇာ ပြုလုပ်ပုံအဆင့်ဆင့်ကို လက်တွေ့ပြုလုပ်ပြသခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## တောင်ငူမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး



**တောင်ငူ ဇွန် ၁၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပဲခူးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန တိုင်းဒေသကြီးတာဝန်ခံ အင်ဂျင်နီယာချုပ် ဦးထွန်းဝေ၊ တောင်ငူခရိုင် လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) နှင့် တာဝန်ရှိသူများသည် ဇွန် ၁၁ ရက်က တောင်ငူမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဖြစ်သည့် ပတ်တန်း-ထီးလှိုင်လမ်း ကျောက်ရောမြေခင်းခြင်း ဆောင်ရွက်နေမှု၊ ကန်ရိုး-ကောင်းမှုတော်လမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ဇော်ကိုကို(တောင်ငူ)**

## ပွင့်ဖြူမြို့နယ်၌ လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ နေ့ချင်းပြီး ဆောင်ရွက်ပေး

**ပွင့်ဖြူ ဇွန် ၁၄**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ နေ့ချင်းပြီး ဆောင်ရွက်ပေးခြင်းကို ဇွန် ၁၁ ရက်က ပွင့်ဖြူမြို့နယ် လယ်ကိုင်းကျေးရွာအခြေခံပညာအထက်တန်းကျောင်းခန်းမ၌ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးကျော်သူရနှင့် ဝန်ထမ်းများက ကျောင်းသားကျောင်းသူ ၁၆၁ ဦးကို လိုအပ်သော အထောက်အထားများ စိစစ်၍



နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ နေ့ချင်းပြီး ပြုလုပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## အောင်လံမြို့၌ လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID နံပါတ် ကွင်းဆင်းဆောင်ရွက်



**အောင်လံ ဇွန် ၁၄**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်၌ လမင်းစီမံချက်ဖြင့် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းများကို ဇွန် ၁၁ ရက်က ကွင်းဆင်းဆောင်ရွက်ရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**အာကာ(ပြန်/ဆက်)**

## တနင်္သာရီမြို့နယ်၌ လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပေးအပ်

**တနင်္သာရီ ဇွန် ၁၄**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ လမင်းစီမံချက်ဖြင့် ယနေ့နံနက်ပိုင်းက အသက်(၁၀)နှစ်ပြည့်ပြီးသည့် ကျောင်းသားကျောင်းသူ ၁၅၀ ကို နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များ ပေးအပ်ပွဲကို မြို့နယ်ပညာရေးမှူးရုံး၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး မိုးမင်းဝင်းက အမှာစကားပြောကြားခဲ့ပြီး ကျောင်းသား



ကျောင်းသူများထံ နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**



## ကျိုက်ထိုမြို့နယ်၌ အထူးကုဆရာဝန်များ အခမဲ့ကွင်းဆင်းဆေးကုသပေး

**ကျိုက်ထို ဇွန် ၁၄**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကင်မွန်းချောင်းကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ကင်မွန်းချောင်း)ကျောင်း၌ ယနေ့နံနက်က သထုံခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာကျော်ဝင်းဇော် ဦးဆောင်မှုဖြင့် အထူးကုဆရာဝန်များ၊ လက်ထောက်ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများက ပြည်သူများအား အခမဲ့ဆေးကုသပေးနေမှုကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည့်ဖြိုး(ပြန်/ဆက်)**



## ကျောက်ကြီးမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်

**ကျောက်ကြီး ဇွန် ၁၄**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်၌ ယနေ့နံနက်ပိုင်းက ဆားတန်းရပ်ကွက်အတွင်းရှိ ဒေသခံပြည်သူနေအိမ်များတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ စီစဉ်မှုဖြင့် ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး မျိုးကျော်အောင် ဦးဆောင်ပြီး ကျန်းမာရေးဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက ပိုးလောက်လမ်း ပေါက်ပွားနိုင်သည့် နေရာများအား ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ၊ အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးနေမှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှယာဉ်ကို ကျော်တက်လိုပါက ဂရုပြုရမည့်အချက်များ {နည်းဥပဒေ ၂၉၀(က)}

မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှ မော်တော်ယာဉ်ကို ကျော်တက်လိုလျှင် အောက်ပါအချက်များကို ဂရုပြုရပါမည်-

(က) နောက်မှလိုက်ပါနေသော မော်တော်ယာဉ်သည် မိမိမော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်နေခြင်းရှိမရှိ၊

(ခ) မိမိကျော်တက်လိုသော မော်တော်ယာဉ်သည် ယင်း၏ရှေ့ရှိ မော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်ခြင်း ရှိ မရှိ၊

(ဂ) ကျော်တက်ရာတွင် မိမိအသုံးပြုမည့် ယာဉ်ကြောသွားလာမှု ရှင်း မရှင်း။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ။

## ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ အီဘိုလာဖြစ်ပွားသူ ၇၁၀ အထိ တိုးလာ

**ကင်ရှာဆာ ဇွန် ၁၄**

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ (DRC) ၌ အီဘိုလာရောဂါဖြစ်ပွားမှုကို တုံ့ပြန်ရာတွင် နိုင်ငံတစ်ဝန်း အပြင်မထွက်ရအမိန့် ချထားသည်ဆိုသည့် လူမှုကွန်ရက် မီဒီယာပေါ်မှ ကောလာဟလများကို ငြင်းဆိုထားစဉ် ရောဂါဖြစ်ပွားသူ အရေအတွက်မှာ ၇၁၀ အထိ တိုးမြင့်လာပြီး သေဆုံးသူ ၁၄၉ ဦးရှိကြောင်း နိုင်ငံ၏ ကျန်းမာရေးဝန်ကြီးဌာနက ဇွန် ၁၃ ရက်တွင် ကြေညာသည်။

ရောဂါကြောင့် သေဆုံးမှုနှုန်းမှာ ၂၁ ရာခိုင်နှုန်းရှိကြောင်း ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ လူနာ ၃၂၄ ဦးကို သီးသန့်ခွဲထားခြင်း သို့မဟုတ် ဆေးရုံတက်ကုသပေးခြင်း ပြုလုပ်ခဲ့ရာ ၃၅ ဦးမှာ ပြန်လည်ကျန်းမာလာကြောင်း သိရသည်။ အီဘိုလာရောဂါ ဖြစ်ပွားသည့် ဒေသများတွင် အပြင်မထွက်ရအမိန့် ထုတ်ပြန်ထားခြင်း မရှိကြောင်း ဝန်ကြီးဌာနက ထပ်လောင်းပြောကြားသည်။ **ဆင်ဟွာ**

## ဖိလစ်ပိုင်၌ အင်အားပြင်းငလျင်ကြောင့် လူပေါင်း ခုနစ်သိန်းကျော် ဘေးဒဏ်သင့်

**မနီလာ ဇွန် ၁၄**

ဖိလစ်ပိုင်နိုင်ငံ မင်ဒါနာအိုကျွန်း တောင်ပိုင်း ကမ်းလွန်ပင်လယ်ပြင်တွင် ဇွန် ၈ ရက်က လှုပ်ခတ်ခဲ့သည့် ပြင်းအား ၇ ဒသမ ၈ အဆင့်ရှိ ငလျင်ကြောင့် အနည်းဆုံး လူ ၆၁ ဦး သေဆုံးခဲ့ပြီး ၄၀ ပျောက်ဆုံးနေကာ ၁၄၀၃ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ် လျော့ပါးရေးနှင့် စီမံခန့်ခွဲရေးကောင်စီ (NDRRMC) က ဇွန် ၁၄ ရက်တွင် ပြောကြားသည်။



အဆိုပါ ငလျင်ကြောင့် အိမ်ထောင်စုပေါင်း ၁၇၃၀၀၀ ကျော်မှ လူပေါင်း ၇၂၄၀၀၀ ကျော် ဘေးဒဏ်သင့်ခဲ့ပြီး နေအိမ်ပေါင်း ၅၄၀၀၀ ခန့် ထိခိုက်ပျက်စီးခဲ့ကြောင်း၊ ယင်းတို့အနက် နေအိမ်ပေါင်း တစ်သောင်းနီးပါးမှာ အလုံးစုံ ပျက်စီးခဲ့ကြောင်း NDRRMC ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့ပြင် အခြေခံအဆောက်အအုံပေါင်း ၇၂၅ ခု ထိခိုက်ပျက်စီးခဲ့ပြီး ဖိလစ်ပိုင်ပီဆိုငွေ တစ်ဘီလီယံခန့် (အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၂ သန်းခန့်) ဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ကြောင်း ကောင်စီက ထုတ်ပြန်ထားကာ ဘေးဒဏ်သင့်ဒေသအဖြစ် သတ်မှတ်ထားသည့် ဒေသနှင့် မြို့ ၁၃ ခုရှိ မိသားစုများအတွက် ဖိလစ်ပိုင် ပီဆို ၆၇ ဒသမ ၆ သန်းတန်ဖိုးရှိ အကူအညီနှင့် ထောက်ပံ့ရေးပစ္စည်းများ ပံ့ပိုးပေးထားကြောင်း သိရသည်။ **ဆင်ဟွာ**

## အာဖဂန်၌ ဒေါ်လာလေးသန်းကျော်တန် ကျန်းမာရေးစောင့်ရှောက်မှုစီမံကိန်း လက်မှတ်ရေးထိုး

**ကဘူးလ် ဇွန် ၁၄**

အာဖဂန်ပြည်သူ့ကျန်းမာရေး ဝန်ကြီးဌာနသည် အလယ်ပိုင်း တောင်တန်းထူထပ်သည့် ဒေးကွန်ဒီပြည်နယ်အတွင်း မရှိမဖြစ် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုအားကောင်းလာစေရန် ဘူအာလီ ပြန်လည်ထူထောင်ရေးနှင့် ကူညီထောက်ပံ့ရေးကွန်ရက်နှင့် အမေရိကန်ဒေါ်လာ ၄ ဒသမ ၃၁ သန်းတန်ဖိုးရှိ သဘောတူညီချက် တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း ဇွန် ၁၄ ရက်တွင် ကြေညာသည်။

သဘောတူညီချက်အရ ပြည်နယ်တစ်ဝန်းရှိ ကျန်းမာရေးဌာန ၅၅ ခုနှင့် မိသားစုကျန်းမာရေးစောင့်ရှောက်မှုဌာန ၃၇၃ ခုမှ ဒေသခံ ၅၆၉၂၁၃ ဦးအား တစ်နှစ်တာ ကျန်းမာရေး ဝန်ဆောင်မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်း ဝန်ကြီးဌာန၏ တရားဝင်ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါစီမံကိန်းသည် ဒေသတွင်း ကျန်းမာရေးကဏ္ဍ၌ အလုပ်အကိုင် ၁၃၇၇ ခု ဖန်တီးပေးနိုင်မည်ဖြစ်ပြီး မဖွံ့ဖြိုးသေးသည့် ပြည်နယ်တစ်ဝန်း စီးပွားရေးလုပ်ငန်းများ တိုးတက်လာစေရန် အထောက်အကူပြုမည်ဟု မျှော်မှန်းထားကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ **ဆင်ဟွာ** ■

## မိုဂါဒစ်ရှူးမြို့၌ နေရပ်စွန့်ခွာမိသားစု ၆၀၀ အတွက် အိမ်ရာစီမံကိန်း အကောင်အထည်ဖော်

**မိုဂါဒစ်ရှူး ဇွန် ၁၄**

ဆိုမာလီယာနိုင်ငံ၌ ဂရင်းစ်ဗယ်လီ အိမ်ရာစီမံကိန်းကို အပြီးသတ် အကောင်အထည်ဖော်နိုင်ခဲ့ပြီး အကူအညီအမှန်တကယ် လိုအပ်နေသည့် မိသားစုပေါင်း ၆၀၀ အတွက် နေအိမ်များ ပံ့ပိုးပေးခဲ့ကြောင်း ကုလသမဂ္ဂ၏ ရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာ အေဂျင်စီဖြစ်သည့် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းနေထိုင်သူများအဖွဲ့အစည်း (IOM) က ဇွန် ၁၄ ရက်တွင် ပြောကြားသည်။

မြို့ပြဖွံ့ဖြိုးမှု အရှိန်အဟုန်မြင့်တက်လာခြင်းနှင့် ပြည်တွင်း၌ လူပေါင်း ၃ ဒသမ ၅ သန်းနီးပါး နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်နေရခြင်းတို့ကြောင့် မိုဂါဒစ်ရှူးကဲ့သို့ မြို့ကြီးများအပေါ် ဖိအားများ ပိုမိုဖြစ်ပေါ်စေကြောင်း ဆိုမာလီယာနိုင်ငံဆိုင်ရာ IOM လက်ထောက်အကြီးအကဲ ပရက်စတစ် မူရီမာက ဆက်လက်ပြောကြားသည်။ အဆိုပါ စီမံကိန်းသည် မိုဂါဒစ်ရှူးမြို့ရှိ နေရပ်စွန့်ခွာနေထိုင်နေရသူများအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**



## အမေရိကန်တိုက်လေယာဉ် တစ်စင်း ဝါရှင်တန်ပြည်နယ်၌ ပျက်ကျ

**ဝါရှင်တန် ဇွန် ၁၄**

အမေရိကန်တိုက်လေယာဉ်တစ်စင်း ဝါရှင်တန်ပြည်နယ်တွင် ပျက်ကျခဲ့



ပြီးနောက် ဇွန် ၁၃ ရက် က တောမီးလောင်မှု ဖြစ်ပွားခဲ့ရာ လေယာဉ်မှူးမှာ လေယာဉ် မပျက်ကျမီ ဘေးကင်းစွာခုန်ထွက်နိုင်ခဲ့ပြီး ဒဏ်ရာအနည်းငယ်သာရရှိခဲ့ကြောင်း ပြည်တွင်းမီဒီယာများက ဖော်ပြထားသည်။

အဆိုပါ တိုက်လေယာဉ်သည် ရင်ရော့ခ်ရေကန်အနီးတွင် ပျက်ကျခဲ့ခြင်းဖြစ်ပြီး သစ်တောဧရိယာအတွင်း အရေးပေါ်မီးငြိမ်းသတ်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ရကြောင်း သိရသည်။

ကယ်လီဖိုးနီးယားပြည်နယ်ရှိ မီရာမာ မရိန်းတပ်ဖွဲ့လေတပ်စခန်းမှ F/A-18 Hornet တိုက်လေယာဉ်သည် ပုံမှန်လေ့ကျင့်ရေး အစီအစဉ် ဆောင်ရွက်နေစဉ် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း အင်န်ဘီစီနယူးစ်က ဖော်ပြထားသည်။ **ဆင်ဟွာ**

## ဘင်္ဂလားဒေ့ရှ်၌ မေလအတွင်း မတော်တဆမှုများကြောင့် လူ ၆၇၁ ဦး သေဆုံး

**ဒါကာ ဇွန် ၁၄**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မေလအတွင်း လမ်း၊ ရထားနှင့် ရေကြောင်းမတော်တဆမှုများကြောင့် လူပေါင်း ၆၇၁ ဦး သေဆုံးပြီး ၁၆၉၆ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဇွန် ၁၃ ရက်က ထုတ်ပြန်သည့် အစီရင်ခံစာတစ်စောင်တွင် ဖော်ပြထားသည်။

ခရီးသည်များ သက်သာချောင်ချိရေးအသင်း၏ ထုတ်ပြန်ချက်အရ နိုင်ငံတစ်ဝန်း တစ်လအတွင်း လမ်းမတော်တဆမှုပေါင်း ၆၁၃ ခု ဖြစ်ပွားခဲ့ပြီး လူပေါင်း ၆၂၂ ဦး သေဆုံးကာ ၁၆၅၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ထို့ပြင် ရထားနှင့်ဆက်နွယ်သည့် မတော်တဆမှုပေါင်း ၄၂ ခု ဖြစ်ပွားခဲ့ရာ လူ ၃၄ ဦး သေဆုံးပြီး ၂၉ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ ရေကြောင်းမတော်တဆမှုပေါင်း ၂၀ ခု ဖြစ်ပွားခဲ့ပြီး လူ ၁၅ ဦး သေဆုံးကာ ၁၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အဆိုပါ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ **ဆင်ဟွာ**

## ခရိုအေးရှားကမ်းရိုးတန်း၌ လှေနှစ်စင်း တိုက်မှုဖြစ်ပွား

**ဇာဂရက်ဘ် ဇွန် ၁၄**

ခရိုအေးရှားနိုင်ငံ တောင်ပိုင်း Adriatic ကမ်းရိုးတန်းတွင် ဇွန် ၁၄ ရက်က နှစ်စင်းတွဲရွက်လှေတစ်စင်းနှင့် ရွက်လှေတစ်စင်း တိုက်မှုဖြစ်ပွားသဖြင့် လူသုံးဦး သေဆုံးပြီး တစ်ဦး ပျောက်ဆုံးနေကြောင်း ဒေသရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါမတော်တဆမှုသည် ကျွန်းနှစ်ကျွန်းအကြား၌ ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၃၈ မိနစ်ခန့်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အခင်းဖြစ်ပွားရာနေရာ၌ အရေးပေါ် ဆေးအဖွဲ့များက အခြား လေးဦးကို ကုသပေးခဲ့ကြောင်း သိရသည်။

စုစုပေါင်းလူရှစ်ဦး တင်ဆောင်လာသည့် အဆိုပါ ရွက်လှေမှာ မတော်တဆမှုဖြစ်ပွားပြီးနောက် ချက်ချင်းနစ်မြုပ်သွားခဲ့ကြောင်း ပြည်တွင်းမီဒီယာများက ဖော်ပြထားသည်။ **ဆင်ဟွာ**

## ဂါဇာကမ်းမြောင်၌ လူသားချင်းစာနာမှုအခြေအနေ ဆိုးရွားလာ ချက်ပြုတ်ရေးဌာနအနည်းငယ်သာ လည်ပတ်ဆောင်ရွက်နိုင်

**ရာမယ်လာ ဇွန် ၁၄**

ပါလက်စတိုင်း လူမှုဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး ဆမာဟာမက်က ဂါဇာကမ်းမြောင်၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေများမှာ ဆိုးရွားလာနေကြောင်း ဇွန် ၁၄ ရက် ပြောသည်။

ဂါဇာကမ်းမြောင်အတွင်း ဈေးနှုန်းသက်သာသော ဂျုံမှုန့်များ ရောင်းချပေးနိုင်ရန် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၏ ပံ့ပိုးကူညီမှုဖြင့် လည်ပတ်ဆောင်ရွက်နေသော ပေါင်မုန့်ဖြန့်ဖြူးရေးစင်တာ ၁၆၄ ခုအနက် အများစုမှာ ကုန်ကြမ်းပြတ်လပ်မှုနှင့် ရိက္ခာရရှိမှု အကန့်အသတ်များကြောင့် ပိတ်သိမ်းလိုက်ရပြီဖြစ်ကြောင်း ပါလက်စတိုင်း ရေဒီယိုအသံလွှင့်ဌာနသို့ ဟာမက်က ပြောကြားသည်။

ထို့အပြင် လူသားချင်းစာနာထောက်ထားမှုအဖွဲ့အစည်း ၂၃ ခု၏ ပံ့ပိုးကူညီမှုဖြင့် လည်ပတ်ဆောင်ရွက်လျက်ရှိသော ချက်ပြုတ်ရေးဌာန ၈၀ မှတစ်ဆင့် နေ့စဉ် ထမင်းအနပ်ပေါင်း ၆၇၀၀၀၀ ချက်ပြုတ်ကျွေးမွေးရသော လူသားချင်းစာနာမှု ချက်ပြုတ်ရေးဌာနများမှာ ယခုအခါ လုပ်ငန်းလည်ပတ်မှု အများအပြား လျှော့ချလိုက်ရသဖြင့် အနည်းငယ်သာ လည်ပတ်ဆောင်ရွက်နိုင်တော့ကြောင်း သိရသည်။ **ဆင်ဟွာ**

## ပါကစ္စတန်၌ မျောက်ကျောက်ရောဂါ ကူးစက်ခံရသူ ထပ်မံတွေ့ရှိ

**အစ္စလာမ်မာဘတ် ဇွန် ၁၄**

ပါကစ္စတန်နိုင်ငံတောင်ပိုင်း ဆိပ်ကမ်းမြို့ ကရာချိတွင် မျောက်ကျောက်ရောဂါကူးစက်ခံရသူ တစ်ဦး ထပ်မံတွေ့ရှိခဲ့ကြောင်း ပြည်နယ်ကျန်းမာရေးဌာနက ဇွန် ၁၃ ရက်တွင် ပြောကြားသည်။ အသက် ၄၀ အရွယ် အမျိုးသားတစ်ဦး မျောက်ကျောက်ရောဂါ ကူးစက်ခံထားရကြောင်း PCR စစ်ဆေးမှုမှတစ်ဆင့် အတည်ပြုတွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဌာန အရာရှိများက ပြောကြားသည်။ အဆိုပါ လူနာကို လက်ရှိတွင် ဒေသတွင်း ဆေးရုံ၌ စောင့်ကြည့်ကုသမှုပေးထားကြောင်း သိရသည်။

ကူးစက်ခံရသူမှာ နိုင်ငံခြားခရီးသွားရာဇဝင် မရှိသဖြင့် ပြည်တွင်း၌ ရောဂါကူးစက် ပျံ့နှံ့မှုများ ရှိနေမည်ကို ကျန်းမာရေးအာဏာပိုင်များက စိုးရိမ်လျက်ရှိသည်။ ယခုနှစ်အတွင်း ကရာချိမြို့၌ မျောက်ကျောက်ရောဂါ ကူးစက်ခံရသူ ၁၀ ဦးအထိရှိလာပြီး ဆင်းဒ်ပြည်နယ်တစ်ဝန်း ကူးစက်ခံရသူစုစုပေါင်း ၃၅ ဦးအထိရှိလာကြောင်း သိရသည်။

နောက်ထပ် ရောဂါကူးစက်ပျံ့နှံ့မှုများ မဖြစ်ပွားစေရေးအတွက် စောင့်ကြည့်ရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ကျန်းမာရေးအာဏာပိုင်များက အရှိန်မြှင့်ဆောင်ရွက်လျက်ရှိသည်။ ပြည်နယ်အတွင်း မျောက်ကျောက်ရောဂါကြောင့် သေဆုံးသူ ကိုးဦးရှိကြောင်းလည်း သိရသည်။ **ဆင်ဟွာ**

ဇွန် ၁၆ ရက် နံနက်ပိုင်းမှာ အသင်းကြီး ဘယ်လ်ဂျီယံ၊ ဥရုဂွေးအသင်းတို့ ပါဝင်တဲ့ ပွဲစဉ်တွေကို ဆက်လက်ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ဘယ်လ်ဂျီယံက အီဂျစ်၊ ဥရုဂွေးက ဆော်ဒီအာရေဗျအသင်းတို့ ထိပ်တိုက်တွေ့ဆုံနေတာကြောင့် ဘယ်အသင်းက နိုင်ပွဲရယူသွားနိုင်မလဲ လက်မလွှတ်တမ်း စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

# ပြင်းထန်လာဦးမယ့် ဘယ်လ်ဂျီယံနဲ့ အီဂျစ်တို့ရဲ့ အားပြိုင်မှု

**ဘယ်လ်ဂျီယံအသင်း နောက်ဆုံးသုံးပွဲရလဒ်**

| | | |
|---|---|---|
| မက္ကဆီကို | ၁–၁ | ဘယ်လ်ဂျီယံ |
| ခရိုအေးရှား | ၀–၂ | ဘယ်လ်ဂျီယံ |
| ဘယ်လ်ဂျီယံ | ၅–၀ | တူနီးရှား |

**အီဂျစ်အသင်း နောက်ဆုံးသုံးပွဲရလဒ်**

| | | |
|---|---|---|
| စပိန် | ၀–၀ | အီဂျစ် |
| အီဂျစ် | ၁–၀ | ရုရှား |
| ဘရာဇီး | ၂–၁ | အီဂျစ် |

**ဖီဖာကမ္ဘာ့အဆင့်သတ်မှတ်ချက် –**

ဘယ်လ်ဂျီယံ ⑨ ၊ အီဂျစ် ㉙

## ဘယ်လ်ဂျီယံ VS အီဂျစ်

ဘယ်လ်ဂျီယံက ယခုပွဲစဉ်မတိုင်မီ ကစားခဲ့တဲ့ ၁၃ ပွဲမှာ ရှုံးပွဲကြုံတွေ့ထားခြင်း မရှိဘူး။ ဒါပေမယ့် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ရမှတ်လေးမှတ်သာ စုဆောင်းနိုင်ခဲ့လို့ အုပ်စုအဆင့်နဲ့သာ ကျေနပ်ခဲ့ရတယ်။ တိုက်စစ်ကစားသမား ဆာလာ ဦးဆောင်လာမယ့် အီဂျစ်က ဘယ်လ်ဂျီယံအသင်းကို အချိန်မရွေးဒုက္ခပေးနိုင်စွမ်းရှိတယ်။ ဘယ်လ်ဂျီယံအသင်း အဆုံးသတ်မသေချာရင်တော့ ပေးဆပ်မှု ကြီးမားသွားနိုင်တယ်။

**ဇွန် ၁၆ ရက် ပွဲစဉ်ဇယား (မြန်မာစံတော်ချိန်)**

- **အချိန်** – ဇွန် ၁၆ ရက်၊ နံနက် ၁ နာရီခွဲ
- **အုပ်စု** – အုပ်စု (ဆ)
- **ကွင်း** – Seattle Stadium

**ဆော်ဒီအာရေဗျအသင်း နောက်ဆုံးသုံးပွဲရလဒ်**

| | | |
|---|---|---|
| အီကွေဒေါ | ၂–၁ | ဆော်ဒီအာရေဗျ |
| ပွါတိုရီကို | ၀–၃ | ဆော်ဒီအာရေဗျ |
| ဆော်ဒီအာရေဗျ | ၀–၀ | ဆီနီဂေါ |

**ဥရုဂွေးအသင်း နောက်ဆုံးသုံးပွဲရလဒ်**

| | | |
|---|---|---|
| USA | ၅–၁ | ဥရုဂွေး |
| အင်္ဂလန် | ၁–၁ | ဥရုဂွေး |
| အယ်လ်ဂျီးရီးယား | ၀–၀ | ဥရုဂွေး |

**ဖီဖာကမ္ဘာ့အဆင့်သတ်မှတ်ချက် –**

ဆော်ဒီအာရေဗျ ⑥၁၊ ဥရုဂွေး ⑯

## ဆော်ဒီအာရေဗျ VS ဥရုဂွေး

ဆော်ဒီအာရေဗျက ၂၀၂၂ ကမ္ဘာ့ဖလားမှာ နာမည်ကြီး အာဂျင်တီးနားကို အနိုင်ယူပြထားတယ်။ နည်းပြဂျော့ဂျီယိုဒိုးနစ်လက်ထက်မှာ ပြင်ဆင်ချိန်နည်းပါးတာကို သတိပြုရမယ်။ ဒါ့အပြင် ပထမဂိုးသမား နာဝပ်အယ်လ်အာကီဒီလည်း ဒဏ်ရာကြောင့် ပါဝင်လာဖွယ်မရှိဘူး။ မည်သို့ပင်ဆိုစေ အသင်းစုဖွဲ့မှုပိုင်းနဲ့ တစ်ဦးချင်းစွမ်းဆောင်ရည်ပိုင်း သာလွန်တဲ့ ဥရုဂွေးကို ဆော်ဒီအာရေဗျအသင်း ခက်ခက်ခဲခဲ ကစားရနိုင်ပြီး မထင်မှတ်ဘဲ ရှုံးနိမ့်သွားနိုင်တယ်။

**ဇွန် ၁၆ ရက် ပွဲစဉ်ဇယား (မြန်မာစံတော်ချိန်)**

- **အချိန်** – ဇွန် ၁၆ ရက်၊ နံနက် ၄ နာရီခွဲ
- **အုပ်စု** – အုပ်စု (ဇ)
- **ကွင်း** – Miami Stadium

**အီရန်အသင်း နောက်ဆုံးသုံးပွဲရလဒ်**

| | | |
|---|---|---|
| ဥဇဘက်ကစ္စတန် | ၀–၀ | အီရန် |
| အီရန် | ၁–၂ | နိုင်ဂျီးရီးယား |
| အီရန် | ၃–၁ | ဂမ်ဘီယာ |

**နယူးဇီလန်အသင်း နောက်ဆုံးသုံးပွဲရလဒ်**

| | | |
|---|---|---|
| နယူးဇီလန် | ၄–၁ | ချီလီ |
| ဟေတီ | ၄–၀ | နယူးဇီလန် |
| အင်္ဂလန် | ၁–၀ | နယူးဇီလန် |

**ဖီဖာကမ္ဘာ့အဆင့်သတ်မှတ်ချက် –**

အီရန် ⑳၊ နယူးဇီလန် ㉟

## အီရန် VS နယူးဇီလန်

အီရန်က ပြိုင်ဘက်နယူးဇီလန်အသင်းထက် ခြေစွမ်းထက်မြက်မှုရှိတယ်။ နယူးဇီလန်အသင်းမှာ ခရစ်စ်ဝုဖ်၊ တွန်မီစမစ်တို့ကို အရည်အသွေးမြင့် ကစားသမားတွေရှိတယ်။ သို့သော်ငြား ဝါရင့်တိုက်စစ်မှူး တာရီမီ ဦးဆောင်ပွဲထွက်လာမယ့် အီရန်အသင်း တိုက်စစ်ကို နယူးဇီလန်အသင်း ပွဲချိန်ပြည့် ဟန့်တားဖို့ မလွယ်ဘူး။ နယူးဇီလန်အသင်းထက် အီရန်အသင်းကသာ နိုင်ပွဲရလဒ် ဖော်ဆောင်သွားဖွယ်ရှိတယ်။

**ဇွန် ၁၆ ရက် ပွဲစဉ်ဇယား (မြန်မာစံတော်ချိန်)**

- **အချိန်** – ဇွန် ၁၆ ရက်၊ နံနက် ၇ နာရီခွဲ
- **အုပ်စု** – အုပ်စု (ဆ)
- **ကွင်း** – Los Angeles Stadium

# ကမ္ဘာ့ဖလားတွင် ဩစတြေးလျအသင်း၏ အသက်ငယ်ဆုံး ဂိုးသွင်းသူ ဖြစ်လာသည့် အီရန်ကွန်ဒါ

တောင်ပံတိုက်စစ်ကစားသမား နက်စတိုရီ အီရန်ကွန်ဒါသည် တူကီယဲအသင်းကို နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့သော ကမ္ဘာ့ဖလားအဖွင့်ပွဲစဉ်တွင် တစ်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ဩစတြေးလျအသင်း၏ အသက်အငယ်ဆုံးဂိုးသွင်းယူသူအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ၾင်းသည် အဆိုပါ ပွဲစဉ်တွင် ပွဲကစားချိန် ၂၇ မိနစ်၌ အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့ခြင်း ဖြစ်သည်။ အီရန်ကွန်ဒါ (အသက် ၂၀ နှစ်နှင့် ၁၂၅ ရက်) သည် ၂၀၁၀ ပြည့်နှစ်က ဂါနာအသင်းဘက်သို့ ဂိုးသွင်းယူနိုင်ခဲ့သော ဘရက်သ်ဟိုးမန်း (၂၆ နှစ်နှင့် ၈၄ ရက်) စံချိန်ကို ကျော်ဖြတ်ကာ မှတ်တမ်းသစ် ရေးထိုးနိုင်ခဲ့သည်။

အီရန်ကွန်ဒါသည် ချန်ပီယံရှစ်ကလပ် ဝက်ဖို့ဒ်အသင်းကစားသမား တစ်ဦးဖြစ်ပြီး ပြီးခဲ့သည့်ရာသီက အသင်းအတွက် ၄၂ ပွဲ ပါဝင်ကစားပေးထားပြီး လေးဂိုးသွင်းကာ လေးကြိမ် ဂိုးဖန်တီးမှု ပြုလုပ်ပေးထားသူ ဖြစ်သည်။



■ တူကီယဲအသင်းဘက်သို့ ဦးဆောင်ဂိုးသွင်းယူပြီးနောက် အောင်ပွဲခံနေသည့် အီရန်ကွန်ဒါ (ယာ)နှင့် အသင်းဖော်ကို တွေ့ရစဉ်။



■ ဘရာဇီးခံစစ်ကစားသမား မာကွင်ဟို၏ ခေါင်းတိုက်ဂိုးသွင်းယူရန် ကြိုးပမ်းမှုကို မိုရိုကိုအသင်းကစားသမားများ ဟန့်တားစဉ်။

# နာမည်ကြီး ဘရာဇီး သရေကျပြီး စကော့တလန်၊ ဩစတြေးလျတို့ နိုင်ပွဲရ

ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုအဆင့်မှ နာမည်ကြီး ဘရာဇီးနှင့် မိုရိုကိုအသင်း ပွဲစဉ်ကို ဇွန် ၁၄ ရက် နံနက် ၄ နာရီခွဲက နယူးယောက်နယူးဂျာစီ အားကစားကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။

ကမ္ဘာ့ဖလားကို စံချိန်တင် ငါးကြိမ်အထိ ဆွတ်ခူးထားတဲ့ နာမည်ကြီး ဘရာဇီးနဲ့ ၂၀၂၂ ကမ္ဘာ့ဖလားမှာ ဆီမီးဖိုင်နယ်အဆင့်အထိ တက်လှမ်းပြီး အာဖရိကဂုဏ်ဆောင်ခဲ့တဲ့ မိုရိုကိုအသင်းတို့ ထိပ်တိုက်တွေ့ဆုံမှု ဖြစ်သောကြောင့် နောက်ဆုံးမိနစ်အထိ ပြိုင်ဆိုင်မှု ပြင်းထန်ခဲ့သည်။

နံနက် ၁ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် ကာတာနှင့် ဆွစ်ဇာလန်အသင်းပွဲစဉ်တွင်လည်း တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။ အဆိုပါ ပွဲစဉ်တွင် ဆွစ်ဇာလန်အသင်းသည် အမ်ဘိုလို၏ ပယ်နယ်တီသွင်းဂိုးဖြင့် နိုင်ပွဲရရှိရန် နီးစပ်ခဲ့သော်လည်း ပွဲချိန်ပြည့်ခါနီးတွင် အသင်းခံစစ်ကစားသမား မူဟိုင်း ကိုယ့်ဂိုးကိုယ်သွင်းယူမိခဲ့၍ တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။

နံနက် ၇ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် ဟေတီနှင့် စကော့တလန်အသင်းပွဲစဉ်တွင် စကော့တလန်အသင်းက ပွဲချိန် ၂၉ မိနစ်တွင် ရရှိခဲ့သော မက်ဂင်၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ ဟေတီအသင်းသည် ခြေစွမ်းအသာဖြင့် ကစားနိုင်ခဲ့သော်လည်း ပြိုင်ဘက်အသင်းခံစစ်နှင့် ဂိုးသမားတို့ကို ကျော်ဖြတ်နိုင်ခြင်း မရှိသည့်အတွက် ရှုံးနိမ့်ခဲ့ခြင်း ဖြစ်သည်။

နံနက် ၁၀ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် ဩစတြေးလျနှင့် တူကီယဲအသင်းပွဲစဉ်တွင် ဩစတြေးလျအသင်းက တိုက်စစ်ခြေစွမ်းပြပြီး နှစ်ဂိုးပြတ် နိုင်ပွဲရရှိခဲ့သည်။ ဩစတြေးလျအသင်းဂိုးသမား ပက်ထရစ် ဘီးချ်သည် တူကီယဲအသင်း၏ ဂိုးရရှိနိုင်သည့် အခွင့်အရေးများကို လက်စွမ်းပြ ကာကွယ်နိုင်ခဲ့သည်။

# ပြိုင်ပွဲအတွင်း သတ်မှတ်ထားသည့် အခကြေးငွေ ဒိုင်လူကြီး အာတန် အပြည့်အဝရရှိမည်



အမေရိကန် ပြည်ထောင်စုသို့ ပြည်ဝင်ခွင့် ငြင်းပယ်ခံခဲ့ရသော ဆိုမာလီယာလူမျိုးနည်းပြ အိုမာ အာတန်သည် ပြိုင်ပွဲအတွင်း သတ်မှတ်ထားသော အခကြေးငွေကို အပြည့်အဝရရှိမည် ဖြစ်ကြောင်း သိရသည်။ ၎င်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဒိုင်လူကြီးအဖြစ် တာဝန်ထမ်းဆောင်ရန် အမေရိကန်ပြည်ထောင်စုသို့ လာရောက်ခဲ့သော်လည်း ပြည်ဝင်ခွင့် ငြင်းပယ်ခံခဲ့ရသူဖြစ်သည်။ အမေရိကန်တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အကြမ်းဖက်အဖွဲ့အစည်းအဖွဲ့ဝင်ဟု သံသယရှိသူများနှင့် ပတ်သက်ဆက်နွှယ်မှုရှိနေသည်ဆိုသော စွပ်စွဲချက်ကြောင့် ၎င်းကို အမေရိကန်ပြည်ထောင်စုသို့ ဝင်ရောက်ခွင့် တားမြစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ပြည်ဝင်ခွင့် ငြင်းပယ်ခံရပြီးနောက် မိခင်နိုင်ငံသို့ ပြန်လည်ရောက်ရှိလာသော အာတန်ကို ပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုခဲ့ကြောင်း သိရသည်။

■ မိုးဇက် – စုစည်းရေးသားသည်

# ဂေဟစနစ်၏ အနှစ်သာရနှင့် ဟန်ချက်ညီမှု

ဒေါက်တာပပဝင်း(စိုက်/သု)

ကျွန်ုပ်တို့ မှီတင်းနေထိုင်ရာ ကမ္ဘာမြေသည် ဆန်းကြယ်လှသော သဘာဝတရား၏ အနုပညာလက်ရာတစ်ခုဖြစ်သည်။ သဘာဝတရားကြီးက ဖန်တီးထားသည့် ကမ္ဘာမြေပေါ်တွင် သက်ရှိ (လူ၊ တိရစ္ဆာန်၊ အပင်)၊ သက်မဲ့ (မြေ၊ ရေ၊ လေ)တို့သည် တစ်ခုနှင့်တစ်ခု အမှီသဟဲပြုပြီး အပြန်အလှန် ချိတ်ဆက်တည်ရှိနေကြသည်။ အလွန်သေးငယ်သော အဏုဇီဝသက်ရှိများ၊ မြေ၊ ရေ၊ လေ အစရှိသည်တို့မှသည် ကြီးမားလှသော သစ်တောကြီးများနှင့် သတ္တဝါကြီးများအထိ အရာအားလုံးသည် သီးခြားစီ တည်ရှိနေကြခြင်းမဟုတ်ဘဲ ကွင်းဆက်တစ်ခုသဖွယ် လည်ပတ်နေကြသည်။



ဤသို့သော ချိတ်ဆက်မှုစနစ်ကို **“ဂေဟစနစ်” (Ecosystem)**ဟု ခေါ်ဆိုပါသည်။ ဂေဟစနစ်ဆိုသည်မှာ သက်ရှိများနှင့် ၎င်းတို့၏ ပတ်ဝန်းကျင်တို့အကြား အပြန်အလှန် မှီခိုနေထိုင်ကြရသည့် ဖြစ်တည်မှုစနစ်ဖြစ်ပြီး ယင်းစနစ်၏ အနှစ်သာရနှင့် သဘာဝ ဟန်ချက်မျှတနေမှုတို့သည် ကမ္ဘာမြေစိမ်းလန်းစိုပြည်စွာ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပဓာန အကျဆုံးသောအချက်ပင်ဖြစ်သည်။

**ဂေဟစနစ်၏ စစ်မှန်သော အနှစ်သာရ**

စွမ်းအင်စီးဆင်းခြင်း၊ အပြန်အလှန် အမှီသဟဲပြုခြင်းနှင့် မျှခြေကိုထိန်းညှိခြင်းတို့သည် ဂေဟစနစ်၏ အခြေခံသဘောတရားများ ဖြစ်ကြသည်။ အစာကွင်းဆက်နှင့် စွမ်းအင်စီးဆင်းမှုတို့အား ကြည့်မည်ဆိုပါက နေရောင်ခြည်ကို အခြေခံ၍ အပင်များက အစာချက်လုပ်ကြသည်။ အပင်စားသတ္တဝါများ (Herbivores)က အပင်များ စားသုံးကြပြီး ၎င်းတို့ကို အသားစားသတ္တဝါများ(Carnivores)က ပြန်လည်စားသုံးကြသည်။ သက်ရှိများ သေဆုံးသွားသည့်အခါ မြေဆီလွှာထဲရှိ အဏုဇီဝသက်ရှိများနှင့် မှိုများက ဆွေးမြည့်စေပြီး သဘာဝမြေသြဇာနှင့် အာဟာရဓာတ်များအဖြစ် မြေဆီလွှာထဲသို့ ပြန်လည်ဖြည့်တင်းပေးခြင်းဖြင့် ကွင်းဆက်တစ်လျှောက် အဆုံးမရှိ လည်ပတ်နေကြခြင်းဖြစ်သည်။

အလားတူ သဘာဝသံသရာလည်မှုတွင်လည်း ရေသံသရာ၊ ကာဗွန်သံသရာနှင့် နိုက်ထရိုဂျင်သံသရာတို့သည် ဂေဟစနစ်ထဲတွင် စဉ်ဆက်မပြတ် လည်ပတ်နေပြီး သက်ရှိတို့ ရှင်သန်ရန်လိုအပ်သော ပတ်ဝန်းကျင်ကို ပံ့ပိုးပေးထားသည်။

**ဂေဟစနစ်၏ ဟန်ချက်ညီမှု**

“ဂေဟစနစ်၏ ဟန်ချက်ညီမှု” ဆိုသည်မှာ သက်ရှိနှင့် သက်မဲ့ပတ်ဝန်းကျင်တို့အကြား တည်ငြိမ်မှုရှိနေခြင်းကို ဆိုလိုပါသည်။ သဘာဝတရားသည် ယင်း၏ ဟန်ချက်ကို အံ့သြဖွယ် ထိန်းညှိပေးနိုင်လေ့ရှိသည်။ ဥပမာ - သစ်တောတစ်ခုအတွင်း သားရဲတိရစ္ဆာန် အရေအတွက်နှင့် အပင်စားတိရစ္ဆာန်အရေအတွက်သည် သဘာဝအလျောက် မျှတနေတတ်သည်။ သားရဲများ လျော့နည်းသွားပါက အပင်စားသတ္တဝါများ လွန်ကဲစွာတိုးပွားလာပြီး သစ်တောနှင့် စားကျက်များကို ပျက်စီးစေမည်ဖြစ်သည်။ အလားတူ ဝတ်မှုန်ကူးပေးမည့် အင်းဆက်ပိုးမွှားများ မရှိပါက သီးနှံနှင့် အပင်များမျိုးပွားနိုင်မည် မဟုတ်ပေ။ ဤသည်ကို ကြည့်ခြင်းအားဖြင့် ဂေဟစနစ်အတွင်းရှိ သက်ရှိမျိုးကွဲတစ်မျိုးချင်းစီတိုင်းသည် သဘာဝတရား၏ ဟန်ချက်ကို ထိန်းကျောင်းပေးနေသည့် အရေးကြီးသော “ထိန်းညှိခလုတ်”များဖြစ်ကြကြောင်း ထင်ရှားပါသည်။

**ဂေဟစနစ်ကို ထိခိုက်**

မျက်မှောက်ခေတ်တွင် လူသားတို့၏ လိုအင်ဆန္ဒလွန်ကဲမှု၊ စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ သဘာဝသယံဇာတများကို အလွန်အကျွံ ထုတ်ယူသုံးစွဲလာမှုတို့သည် ဂေဟစနစ်၏ ကျန်းမာရေးကို ဆိုးရွားစွာ ခြိမ်းခြောက်လျက်ရှိပါသည်။ ဂေဟစနစ်ပျက်စီးရသည့် အကြောင်းရင်းများမှာ ကာဗွန်ဒိုင်အောက်ဆိုဒ်ကို စုပ်ယူသည့် အဆုတ်ကြီးများဖြစ်သော သစ်တောများ ပြုန်းတီးခြင်း၊ လေထု၊ ရေထုနှင့် မြေဆီလွှာညစ်ညမ်းပျက်စီးခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်းပပျောက်လာရခြင်း စသည်တို့ကြောင့်ဖြစ်သည်။ အကျိုးဆက်အနေဖြင့် ရာသီဥတု ပြောင်းလဲဖောက်ပြန်ခြင်း (အပူလွန်ကဲခြင်း၊ အအေးလွန်ကဲခြင်း၊ မိုးခေါင်ခြင်း၊ မိုးရေကြီးခြင်း)၊ သက်ရှိမျိုးစိတ်များ မျိုးသုဉ်းခြင်း၊ တောရိုင်းတိရစ္ဆာန်များမှတစ်ဆင့် လူသားများထံ ကူးစက်ရောဂါသစ်များ ရောက်ရှိလာနိုင်ခြင်း၊ အပူချိန်နှင့် စိုထိုင်းဆပြောင်းလဲမှုကြောင့် စိုက်ပျိုးသီးနှံများတွင် မှို၊ ဗက်တီးရီးယားနှင့် ဗိုင်းရပ်စ်ရောဂါများ ပိုမိုပြင်းထန်စွာကျရောက်ခြင်း စသည်တို့ ဖြစ်ပေါ်နိုင်ပါသည်။

**ဂေဟစနစ် ကျန်းမာရန် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ**

- **စွမ်းအင်နှင့် ရေအရင်းအမြစ် စနစ်တကျ အသုံးပြုခြင်း။** ကာဗွန်အခြေပြု စွမ်းအင်သုံးစွဲခြင်းကို လျှော့ချ၍ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များကို အသုံးပြုခြင်းနှင့် ရေကို အလေအလွင့်မရှိအောင် စနစ်တကျ သုံးစွဲခြင်း၊
- **3Rs ကျင့်သုံးခြင်း။** အသုံးလျှော့ခြင်း၊ ပြန်သုံးခြင်းနှင့် အသွင်ပြောင်းသုံးခြင်း။
- **ညစ်ညမ်းမှု ထိန်းချုပ်ခြင်း -** တစ်ခါသုံး ပလတ်စတစ်များကို ရှောင်ကြဉ်ခြင်း၊ အမှိုက်များကို စနစ်တကျ ခွဲခြားစွန့်ပစ်ခြင်းနှင့် ပြန်လည်အသုံးချခြင်း၊
- **ပူးပေါင်းဆောင်ရွက်ခြင်း -** လူထုကို အသိပညာမျှဝေပြီး ဒေသတွင်း သန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် သစ်ပင်များစိုက်ပျိုးခြင်း။
- **ရေရှည်တည်တံ့သော စိုက်ပျိုးရေးနည်းလမ်းများ အသုံးပြုခြင်း**
  - မြေဆီလွှာ - ဓာတုသွင်းအားစုများ (ပိုးသတ်ဆေး၊ မှိုသတ်ဆေးနှင့် အခြားသွင်းအားစုများ)အစား သဘာဝမြေသြဇာ၊ သစ်စိမ်းမြေသြဇာနှင့် အကျိုးပြုအဏုဇီဝသက်ရှိများ အသုံးပြုခြင်း၊
  - သီးလှည့်စနစ် ကျင့်သုံးခြင်း - ပိုးမွှားရောဂါ ကျရောက်မှု သံသရာကို ဖြတ်တောက်ရန် သီးနှံတစ်မျိုးတည်း မစိုက်ဘဲ အလှည့်ကျစိုက်ပျိုးခြင်း၊
  - သီးနှံသစ်တောရောနှောစိုက်ပျိုးရေး - သစ်ပင်ကြီးများနှင့် သီးနှံပင်များ ရောနှောစိုက်ပျိုးခြင်းဖြင့် မြေဆီလွှာတိုက်စားမှုကို ကာကွယ်ခြင်း၊
  - ဘက်စုံပိုးမွှား နှိမ်နင်းခြင်း - ဓာတုသွင်းအားစုများ အလွန်အကျွံမသုံးဘဲ ဘက်စုံပိုးမွှားကာကွယ်သည့် နည်းလမ်းများအသုံးပြုခြင်း၊
  - ရေစီမံခန့်ခွဲမှု - ရေကို အလေအလွင့်မရှိစေဘဲ အကျိုးရှိစွာ အသုံးပြုသည့် နည်းစနစ်များကို ကျင့်သုံးခြင်းနှင့်
  - မျိုးစေ့ - ဗီဇမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းခြင်းနှင့် ဒေသမျိုးရင်းများကို ဦးစားပေးအသုံးပြုခြင်း။

**ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းဇီဝမျိုးစုံမျိုးကွဲ**

ဇီဝမျိုးစုံမျိုးကွဲဆိုသည်မှာ သက်ရှိများနှင့် ၎င်းတို့နေထိုင်သည့် ပတ်ဝန်းကျင်တို့အကြား အပြန်အလှန်သက်ရောက်မှုကြောင့် အမျိုးမျိုးကွဲပြားဖြစ်ပေါ်တည်ရှိနေသည့် သက်ရှိအမျိုးမျိုး (သတ္တဝါအမျိုးမျိုး၊ အပင်အမျိုးမျိုး)တို့ကို ဆိုပါသည်။ ယင်းတို့အနက် အပင်ဗီဇအရင်းအမြစ်များသည် သတ္တဝါများလိုအပ်သည့် အစားအစာ၊ ဆေးဝါး၊ အသုံးအဆောင်ပစ္စည်း၊ ဓာတုဒြပ်ပေါင်းနှင့် စွမ်းအင်များကို ထုတ်ယူသုံးစွဲနိုင်သဖြင့် သတ္တဝါများအတွက် မရှိမဖြစ်လိုအပ်ရုံမျှမက စားရေရိက္ခာဖူလုံရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ စိန်ခေါ်မှုတို့ကို ဖြေရှင်းနိုင်သော အရင်းအမြစ်များဖြစ်ကြသည်။

အပင်ဗီဇအရင်းအမြစ်ဆိုသည်မှာ လွန်ခဲ့သော ထောင်စုနှစ်များစွာကတည်းက သဘာဝတရားကြီးနှင့် လူသားများ၏ ရွေးချယ်မှုများကြောင့် အပင်များအတွင်း ကွဲပြားစွာဖြစ်ပေါ် တည်ရှိနေသည့်အရာများဖြစ်သည်။ အပင်ဗီဇမျိုးကွဲများမှာ အပင်မျိုးရိုင်းများ၊ မိရိုးဖလာစိုက်ပျိုးခဲ့ကြသည့် သီးနှံမျိုးများ/ဒေသမျိုးများ၊ ခေတ်မီမျိုးသစ်များ၊ သားဆက်မျိုးလိုင်းများ၊ မျိုးပွားနိုင်သည့် အပင်အစိတ်အပိုင်းများနှင့် ဒီအင်န်အေတို့ဖြစ်ကြသည်။ ကမ္ဘာပေါ်တွင် အမျိုးအစားခွဲခြားထားသည့် အပင်မျိုးစိတ်ပေါင်း ၂ ဒသမ ၅ သိန်းကျော်ရှိသည့်အနက် ရှေးယခင်ကတည်းက လူသားများ အသုံးပြုခဲ့သည့် မျိုးစိတ်ပေါင်း ၇၀၀၀ ကျော်ရှိပါသည်။ ယင်းတို့အနက် မျိုးစိတ် ၅၀၀၀ ခန့်ကိုသာ သိပ္ပံနည်းကျ ခွဲခြမ်းစိတ်ဖြာလေ့လာမှုများ ပြုလုပ်ထားနိုင်သေးသဖြင့် ကျန်ရှိနေသော သီးနှံမျိုးစုံမျိုးကွဲများ၏ ဗီဇအရည်အသွေးကို ရှာဖွေဖော်ထုတ်ရန်နှင့် ထိန်းသိမ်းရေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်လျက်ရှိပါသည်။

**လျစ်လျူရှုခံ အပင်မျိုးစိတ်များ**

လျစ်လျူရှုခံ အပင်မျိုးစိတ်များဆိုသည်မှာ ဒေသတွင်း ရာသီဥတုနှင့်ကိုက်ညီပြီး ယဉ်ကျေးမှု၊ အာဟာရနှင့် အစားအစာစနစ်တို့တွင် ပါဝင်နေသည့် တန်ဖိုးကြီးမားလှသော အပင်မျိုးစိတ်များကို ဆိုသည်။ လျစ်လျူရှုခံ အပင်မျိုးစိတ်များသည် ယနေ့ထိတိုင် သိပ္ပံနည်းကျ သုတေသန ဆောင်ရွက်ခြင်းများ၊ မျိုးကောင်းမျိုးသန့် မွေးမြူရေးလုပ်ငန်းများတွင် အသုံးချခြင်းများနှင့် ဈေးကွက်အတွင်း ကျယ်ကျယ်ပြန့်ပြန့်ရောင်းချခြင်းများ မရှိသေးဘဲ ချန်လှပ်ခြင်းခံထားရဆဲဖြစ်သည်။

လျစ်လျူရှုခံ အပင်မျိုးစိတ်များအပါအဝင် အပင်ဗီဇမျိုးကွဲများကို ထိန်းသိမ်းသည့် နည်းလမ်းများမှာ (၁) အပင်ဗီဇအရင်းအမြစ်များကို ၎င်းတို့တွေ့ရှိရာဒေသ၊ မူရင်းဒေသများတွင် သဘာဝအတိုင်း ထိန်းသိမ်းခြင်း၊ (၂) ပေါက်ရောက်ရာဒေသမဟုတ်သည့် နေရာများတွင် အထူးသီးသန့်အစီအမံများဖြင့် ထိန်းသိမ်းခြင်းတို့ဖြစ်သည်။

**လျစ်လျူရှုခံအပင်မျိုးစိတ်များ ထိန်းသိမ်းခြင်း၏ တန်ဖိုးများ**

ထူးခြားသော ဆင့်ကဲပြောင်းလဲမှု ဖြစ်စဉ်များကြောင့် လျစ်လျူရှုခံအပင်မျိုးစိတ်များတွင် ၎င်းတို့ ရှင်သန်ပေါက်ရောက်ရာ ပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေရှိသည့် လက္ခဏာများ ပါရှိပါသည်။ မြန်မာနိုင်ငံတွင် တိုင်းဒေသကြီးများနှင့် ပြည်နယ်အသီးသီးတွင် ရှားပါးအပင်မျိုးစိတ်များ ကြွယ်ဝစွာရှိသည်။ လျစ်လျူရှုခံနေရသော အပင်မျိုးစိတ်များအပါအဝင် အပင်ဗီဇမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်းသည် ပြည်ထောင်စုကြီး၏ သဘာဝအမွေအနှစ်ကို ထိန်းသိမ်းခြင်းပင်ဖြစ်သည်။

အဆိုပါ အပင်များကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် အိမ်ခြံဝန်းဥယျာဉ်ကဏ္ဍသည် အရေးပါသဖြင့် အိမ်ခြံဝန်းဥယျာဉ်စိုက်ပျိုးသည့် စနစ်များ ထွန်းကားလာရန် ဆောင်ရွက်ပေး၍ ထိုမှတစ်ဆင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ပြုလုပ်ပြီး ကမ္ဘာ့ဈေးကွက်ဆီသို့ ရောက်ရှိသည်အထိ ဆောင်ရွက်သင့်ပါသည်။ လျစ်လျူရှုခံ မျိုးစိတ်များသည်

*စာမျက်နှာ ၁၇ သို့*

**“ဓာတုဆေး အလွန်အကျွံသုံးစွဲခြင်းနှင့် ရာသီဥတုပြောင်းလဲမှုတို့ကြောင့် ဝတ်မှုန်ကူးသတ္တဝါများ လျော့နည်းလာပါသည်။ ထိုသို့ လျော့နည်းလာခြင်းကို ကာကွယ်ရန်အတွက် စိုက်ခင်းဘေး၊ ခြံစည်းရိုးတစ်လျှောက်နှင့် လမ်းဘေးများတွင် ပန်းပင်မျိုးစုံနှင့် သစ်ပင်များ စိုက်ပျိုးပေးခြင်းဖြင့် ၎င်းတို့အတွက် အစာအရင်းအမြစ်နှင့် ခိုနားရာဝန်းကျင်ကောင်း ဖန်တီးပေးခြင်း၊ သီးနှံများကို တစ်မျိုးတည်းမစိုက်ဘဲ သီးနှံမျိုးစုံရောနှောစိုက်ပျိုးခြင်း၊ ဘက်စုံပိုးမွှားကာကွယ်နည်းကို အသုံးပြုခြင်း၊ ပျားများတွင် တွေ့ရတတ်သော မွှားရောဂါများကို သဘာဝအော်ဂဲနစ်အက်စစ်များဖြင့် နှိမ်နင်းပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးရမည်”**

# ၂၀၂၆ ခုနှစ် ဇွန်လ (ဒုတိယ) ၁၀ ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် အားကောင်းနိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အားအသင့်အတင့်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမှုမြဲထက်ပိုနိုင်ပြီး ရခိုင်ပြည်နယ်တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၇၅ ဒီဂရီဖာရင်ဟိုက်မှ ၈၆ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့် မြောက်ပိုင်း)တို့တွင် ၈၇ ဒီဂရီဖာရင်ဟိုက်မှ ၉၈ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၅၇ ဒီဂရီဖာရင်ဟိုက်ခန့်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် တောင်ပိုင်း)တို့တွင် ၆၃ ဒီဂရီဖာရင်ဟိုက်မှ ၇၂ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ၇၃ ဒီဂရီဖာရင်ဟိုက်မှ ၈၂ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့် မြောက်ပိုင်း)တို့တွင် ၇၃ ရာခိုင်နှုန်းမှ ၈၄ ရာခိုင်နှုန်းအတွင်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၈၅ ရာခိုင်နှုန်းမှ ၉၅ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၂၄ မီလီမီတာမှ ၃၅ မီလီမီတာအတွင်း၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၃၆ မီလီမီတာမှ ၄၇ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်းနှင့်တောင်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင်(ပြည့်ဝ)အခြေအနေ၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် မြောက်ပိုင်း)တို့တွင် (စိုစွတ်)အခြေအနေနှင့် မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် (ခြောက်သွေ့)အခြေအနေ အသီးသီးရှိနိုင်သည်။

မိုး/ဇလ

# မိုးဦးကာလ ရေယာဉ်များ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် ရေလမ်းသတိပေးနှိုးဆော်ချက်ထုတ်ပြန်

၁။ မြန်မာနိုင်ငံရှိ မြစ်များတွင် မုတ်သုံရာသီအစ မိုးဦးကာလတွင် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းတို့နှင့် အတူ မြစ်ရေများ မြင့်တက်လာမည် ဖြစ်ပါသည်။ မြစ်ရေတက်လာမှုအပေါ်မူတည်၍ ရေယာဉ်များ အန္တရာယ်ကင်းစွာ ခုတ်မောင်းသွားလာနိုင်ရန် လိုအပ်သော ရေလမ်းညွှန် အမှတ်အသားများကို ပြသထားမည်ဖြစ်သော်လည်း ရာသီဥတုဒဏ်ကြောင့် ၎င်းရေလမ်းညွှန် အမှတ်အသားများ တစ်ခါတစ်ရံ ပျက်စီးပျောက်ဆုံးနိုင်သဖြင့် ရေယာဉ်များအနေဖြင့် အထူးဂရုပြုခုတ်မောင်းကြရန် လိုအပ်ပါသည်။

၂။ ရေများကာလတွင် ရေလမ်းများအတွင်း ရေစီးသန်ခြင်းနှင့် ဝဲလှည့်ခြင်းတို့ ဖြစ်ပေါ်နိုင်သည့်အပြင် မြစ်ရေတက်လာမှုကြောင့် ရေနည်းကာလ၌ ပေါ်ထွန်းခဲ့သော သောင်နှင့် ကျွန်းများ ရေမြုပ်၍ ရေမြွှာပေါက် ဖြတ်လမ်းများ ဖြစ်ပေါ်လာမည် ဖြစ်ပါသည်။ ထို့ကြောင့် ရေအနက်မလုံလောက်သော ရေမြွှာပေါက်ဖြတ်လမ်းများကို ဖြတ်သန်းခုတ်မောင်းခြင်း မပြုကြရန် နှင့် မိမိရေယာဉ်၏ စက်စွမ်းအားနှင့် ရေစီးနှုန်းကို ချင့်ချိန်၍ သတ်မှတ်ရေလမ်းအတိုင်းသာ သတိပြုခုတ်မောင်းရပါမည်။

၃။ မြစ်ကူးတံတား ရေလမ်းများတွင် ရေယာဉ်များ ဝင်ရောက်ရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင် တြိဂံအမှတ်အသား ပြသထားပြီး ညအခါ မီးစိမ်းထွန်း၍ ပြသထားပါသည်။ ရေယာဉ်များ ဝင်ရောက်ဖြတ်သန်းခြင်း မပြုရမည့် ရေလမ်းတွင် နေ့အခါ အနီရောင် ကြက်ခြေခတ် အမှတ်အသား ပြသထားပြီး ညအခါ မီးနီထွန်း၍ ပြသထားပါသည်။

၄။ ရေများကာလတွင် မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင် အုတ်ခုံများမှာ ရေမြုပ်နေတတ်ပြီး တံတားတိုင်များအကြားတွင် ရေစီးသန်သောကြောင့် ရေယာဉ်များ မြစ်ကူးတံတားရေလမ်းကို ဖြတ်သန်းရာတွင် စက်နှင့်တက်မစနစ်တို့ကို ကြိုတင်စစ်ဆေးပြီး လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ဖြတ်သန်းခုတ်မောင်းကြရပါမည်။ တံတားရေလမ်းကို ဖြတ်သန်းရာတွင် ရေယာဉ်နှစ်စင်း ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန် လိုအပ်ပါသည်။ အထူးသဖြင့် သယ်ဆောင်သည့် ဝန်နှင့် စက်အားကို ချင့်ချိန်တွက်ဆ၍ ဂရုပြုခုတ်မောင်းရမည်ဖြစ်ပြီး မနိုင်ဝန်ကို သယ်ဆောင်ခြင်း မပြုကြရန်နှင့် မြစ်ကူးတံတားကြီးများကို ဖြတ်သန်းရာတွင် တွဲတစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရပါမည်။

၅။ ရာသီဥတုပြောင်းလဲမှုကြောင့် ရုတ်တရက်လေပြင်းတိုက်ခတ်မှုနှင့် မိုးမှောင်ကျမှုဖြစ်ပေါ်လာပါက ရေယာဉ်များ ဘေးအန္တရာယ်မဖြစ်စေရေးအတွက် သတိပြုခုတ်မောင်းကြရန်နှင့် လေပြင်းတိုက်ခတ်စဉ် ရေယာဉ်များလိုက်နာရမည့် ဥပဒေ၊ စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ကြရန် **ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**မှ ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားပါသည်။

## မုတ်သုံလေ အားကောင်းနေ

**နေပြည်တော် ဇွန် ၁၄**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းနေသည်။ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မိုး/ဇလ

*စာမျက်နှာ ၁၆ မှ*

တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများနှင့် ဆက်စပ်နေသည့်အတွက် ၎င်းတို့ကို ထိန်းသိမ်းခြင်းသည် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းခြင်းပင်ဖြစ်သည်။

**ကောင်းမွန်သည့် ဂေဟစနစ်၏ ပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုများ**

ကောင်းမွန်သည့် ဂေဟစနစ်အောက်တွင် ဝတ်မှုန်ကူးသတ္တဝါများ ကောင်းစွာရှင်သန်နိုင်သောကြောင့် အပင်များမျိုးသုဉ်းခြင်းကို ကာကွယ်နိုင်၍ ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းနိုင်မည်ဖြစ်ပါသည်။ အပင်များမှ အသီးနှင့်အစေ့များ ထုတ်လုပ်ပေးနိုင်သဖြင့် တောရိုင်းတိရစ္ဆာန်များအတွက် အစာကွင်းဆက်ကို ခိုင်မာစေသည်။ ထို့ပြင် အပင်များကောင်းစွာ ရှင်သန်ပွားများလာခြင်းသည် လေထုထဲမှ ကာဗွန်ဒိုင်အောက်ဆိုဒ်ကို စုပ်ယူပေးပြီး အောက်ဆီဂျင်ကို ထုတ်လွှတ်ပေးရာတွင် အထောက်အကူပြုသည့်အပြင် မြေဆီလွှာအနေဖြင့် ကာဗွန်အရင်းအမြစ်များစွာကို ထိန်းသိမ်း သိုလှောင်ပေးထားနိုင်ရာမှ မြေဆီဩဇာဓာတ်နှင့် မြေသားဖွဲ့စည်းပုံ ပိုမိုကောင်းမွန်လာစေကာ မြေဆီလွှာတိုက်စားမှုကို ကာကွယ်ပေးနိုင်မည်ဖြစ်သည်။

**ဝတ်မှုန်ကူးသတ္တဝါများ**

ကမ္ဘာ့စားရေရိက္ခာ ၇၅ ရာခိုင်နှုန်း၏ အထွက်နှုန်းနှင့် အရည်အသွေးသည် ဝတ်မှုန်ကူးပေးသည့် သတ္တဝါများပေါ်တွင် မူတည်နေသည်။ ဝတ်မှုန်ကူးသတ္တဝါများ၏ အကျိုးကျေးဇူးကြောင့် သီးနှံအထွက်နှုန်း တိုးတက်ခြင်း၊ အပင်မျိုးဆက်တည်တံ့ခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းပေးခြင်း စသည်တို့ကို ရရှိစေနိုင်မည်။ အချို့သော ဝတ်မှုန်ကူးသတ္တဝါများဖြစ်သည့် ပုစဉ်းပျားများသည် ခန္ဓာကိုယ်ကို ပြင်းထန်စွာ တုန်ခါစေပြီး Buzz Pollination ဆောင်ရွက်ခြင်းဖြင့် ခရမ်း၊ ခရမ်းချဉ်နှင့် ငရုတ်တို့ကို ဝတ်မှုန်ကူးပေးပါသည်။


ထူးခြားသော ဝတ်မှုန်ကူးနည်းစနစ်များဖြစ်သည့် ညအချိန် ဝတ်မှုန်ကူးခြင်းလုပ်ငန်းများကို လင်းနို့များက လုပ်ဆောင်ကာ ညဘက်တွင် ပွင့်သောအပင်များကို ဝတ်မှုန်ကူးပေးသည်။ ပျားများ အိပ်စက်နားနေချိန်တွင် လင်းနို့များသည် ကမ္ဘာ့ဂေဟစနစ်အတွက် “ညပိုင်းတာဝန်”ကို လွှဲပြောင်းယူကြသည်။ ဒူးရင်း၊ ငှက်ပျောနှင့် သရက်တို့သည် လင်းနို့များ၏ အကူအညီဖြင့် ဝတ်မှုန်ကူးခြင်းဖြစ်ပါသည်။

**ဝတ်မှုန်ကူးသတ္တဝါများအား ကာကွယ်စောင့်ရှောက်ရေး**

ဓာတုဆေး အလွန်အကျွံသုံးစွဲခြင်းနှင့် ရာသီဥတုပြောင်းလဲမှုတို့ကြောင့် ဝတ်မှုန်ကူးသတ္တဝါများ လျော့နည်းလာပါသည်။ ထိုသို့ လျော့နည်းလာခြင်းကို ကာကွယ်ရန်အတွက် စိုက်ခင်းဘေး၊ ခြံစည်းရိုးတစ်လျှောက်နှင့် လမ်းဘေးများတွင် ပန်းပင်မျိုးစုံနှင့် သစ်ပင်များ စိုက်ပျိုးပေးခြင်းဖြင့် ၎င်းတို့အတွက် အစာအရင်းအမြစ်နှင့် ခိုနားရာဝန်းကျင်ကောင်း ဖန်တီးပေးခြင်း၊ သီးနှံများကို တစ်မျိုးတည်းမစိုက်ဘဲ သီးနှံမျိုးစုံရောနှောစိုက်ပျိုးခြင်း၊ ဘက်စုံပိုးမွှားကာကွယ်နည်းကို အသုံးပြုခြင်း၊ ပျားများတွင်တွေ့ရတတ်သော မွှားရောဂါများကို သဘာဝအော်ဂဲနစ်အက်စစ်များဖြင့် နှိမ်နင်းပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။

အချုပ်အားဖြင့် တင်ပြရလျှင် ဂေဟစနစ်၏ အနှစ်သာရကို ကာကွယ်ပြီး ဟန်ချက်ညီမှုကို ပြန်လည်ထိန်းသိမ်းရမည်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်သော “ရေရှည်တည်တံ့မည့် စိုက်ပျိုးရေးစနစ်”ကို ဖော်ဆောင်ခြင်း၊ သစ်တောများ ထိန်းသိမ်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ဝတ်မှုန်ကူးသတ္တဝါများကို ကာကွယ်စောင့်ရှောက်ခြင်း၊ မြေဆီလွှာနှင့် ရေအရင်းအမြစ်ကို စနစ်တကျ စီမံခန့်ခွဲခြင်းတို့ကို အားပေးဆောင်ရွက်ရပါမည်။ သဘာဝတရားသည် လူသားတို့မရှိဘဲ ရှင်သန်နိုင်သော်လည်း လူသားတို့သည် သဘာဝတရား (ဂေဟစနစ်ဝန်းကျင်ကောင်း) မရှိဘဲ လုံးဝရှင်သန်နိုင်မည် မဟုတ်ပါ။ ဂေဟစနစ်၏ အနှစ်သာရကို လေးစားတန်ဖိုးထားပြီး သဘာဝတရားနှင့် ဟန်ချက်ညီစွာ ပေါင်းစပ်နေထိုင်မှသာလျှင် စိမ်းလန်းစိုပြည်ပြီး ရေရှည်တည်တံ့သော ကမ္ဘာမြေကို အနာဂတ်လူသားတို့ထံ လက်ဆင့်ကမ်းပေးနိုင်မည်ဖြစ်ပေမည်။

**“သင့်မြေသည် သင့်အမွေအနှစ်ဖြစ်သည်။”**
**“သင့်မျိုးစေ့သည့် သင့်အနာဂတ်ဖြစ်သည်။”**



# ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ



စာဖတ်ပရိသတ်အပေါင်း မင်္ဂလာပါ။ ဒီတစ်ပတ်မှာတော့ အင်္ဂလိပ်စာလေ့လာရာမှာအခြေခံအကျဆုံးဖြစ်တဲ့ The Eight Parts of Speech (ဝါစင်္ဂရှစ်မျိုး) အကြောင်း အကျယ်တဝင့် ရှင်းလင်းဖော်ပြတဲ့နေရာမှာ Indefinite Pronouns (မတိကျသောနာမ်စား) အကြောင်းဖော်ပြပေးသွားမှာဖြစ်ပါတယ်။ ဒါ့အပြင် စကားပြောခန်းမှာလည်း Shortest way to talk about illness and medicine–II (ကျန်းမာရေးအခြေအနေ၊ ဆေးခန်းသွားခြင်းနဲ့ ရောဂါလက္ခဏာတွေနဲ့ပတ်သက်တဲ့ အသုံးအနှုန်းတွေကို ဘယ်လိုပြောမလဲ။) ကို ဆက်လက်ပြီး ထင်းခနဲ လင်းခနဲနဲ့ မှတ်မိလွယ်အောင် ရှင်းလင်းချက်များ၊ နမူနာဝါကျများ၊ စကားပြောများနဲ့ ဝေဝေဆာဆာဖော်ပြပေးသွားမှာဖြစ်ပါတယ်။ Vocabulary Enrichment Programme (ဝေါဟာရပဒေသာအစီအစဉ်) အပိုင်းမှာလည်း နေ့စဉ်သုံး အီဒီယမ်တွေကို အဓိပ္ပာယ်ရှင်းလင်းချက်များနဲ့သာမက နမူနာဝါကျများနဲ့ပါ ဖော်ပြပေးထားပါတယ်။ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာကဏ္ဍကို ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာ ဗဟုသုတများတိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ ဒီကဏ္ဍကနေ တိုက်တွန်းလိုက်ပါတယ်။ စာဖတ်ပရိတ်သတ်အပေါင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ ချမ်းသာကြပါစေ။

## GRAMMAR

### Basic to Intermediate

၈။ ဝါကျတစ်ခုထဲတွင် နာမ်စားနှစ်ခုရှိပါက တစ်ခုနှင့်တစ်ခုကိုက်ညီရမည်။ ဥပမာ–

- **One** should take care of **one's** health. (NOT his health)
- **One** must not praise **one's** self. (NOT himself)
- **Everyone** likes to have **his** own way. (NOT one's)

**Exercise (1)**

**Choose the right pronouns to complete the following sentences.**

1. (All, Any) the boys went home.
2. Does (someone, anyone) want a cigarette?
3. I have almost used up my sugar. Only (a few, a little) is left.
4. A (few, little) of the boys are absent today.
5. Here's some salt. Don't use(much, many).Use(a little, a few).
6. Did you see (anybody, somebody) at the station?
7. (Someone, Anyone) is calling you. Go and see (one, him).
8. You carry the light boxes. I'll carry this heavy (one, ones).
9. Don't buy those bad bananas. Buy these good (one, ones).
10. Is there (something, anything) in that box?
11. Do you want (something, anything) to eat?
12. I do not like this one. Give me (another, others).

**Interrogative Pronouns (အမေးနာမ်စား)**

မေးခွန်းမေးရာတွင် အသုံးပြုသော နာမ်စားများကို Interrogative Pronouns (အမေးနာမ်စား) ဟု ခေါ်သည်။ တခြားနာမ်စားအများစုကဲ့သို့ပင် Interrogative Pronouns (အမေးနာမ်စား)များသည် ဝါကျတွင် နာမ်များ၏ နေရာကို အစားထိုးအသုံးပြုသည်။ Interrogative Pronouns (အမေးနာမ်စား)ဟုဆိုရာ၌ မေးခွန်း၏အဖြေသည် ဘာပဲဖြစ်ဖြစ် သို့မဟုတ် ဘယ်သူပဲဖြစ်ဖြစ် အဆိုပါနေရာတွင် အစားထိုးသုံးနိုင်သော စကားလုံးဖြစ်သည်။ Interrogative Pronouns (အမေးနာမ်စား) သည် မေးခွန်းဝါကျအစ ပထမဆုံးစကားလုံးဖြစ်ပြီး "?" ဖြင့် အဆုံးသတ်လေ့ရှိသည်။ ဥပမာ–

- Who called last night?
- Which keys are yours?
- Whom do I ask for at the desk?
- What did you do when the electricity failed?
- Whose watch is this?
- Which of these books would you recommend?

အသုံးအများဆုံး Interrogative Pronouns (အမေးနာမ်စား) ငါးလုံးရှိသည်။ ၎င်းတို့မှာ –

1. Who (ဘယ်သူလဲ)
2. Whom (ဘယ်သူ့ကိုလဲ)
3. Whose (ဘယ်သူ့ဟာလဲ)
4. What (ဘာလဲ၊ ဘာကိုလဲ)
5. Which (ဘယ်ဟာလဲ၊ ဘယ်ဟာကိုလဲ) တို့ဖြစ်ကြသည်။

Who နှင့် Whom တို့ကို သူ့ချည်းသက်သက် သုံးသည်။ ဥပမာ–

- Who paid?
- Whom did you speak to?

Whose၊ which နှင့် what တို့ကို သူ့ချည်းပဲသက်သက်လည်းသုံးသည်။ နောက်တွင် နာမ်(Noun)လိုက်ပြီး (နာမ်ဦးဆောင်ပုံစံဖြင့်)လည်း သုံးသည်။ ဥပမာ–

| As pronouns (နာမ်စားအနေဖြင့်) | With a noun head (နာမ်ဦးဆောင်ပုံစံဖြင့်) |
|---|---|
| Whose are these books? | Whose books are these? |
| Which did you buy? | Which sweater did you buy? |
| What is the number on the door? | What number is your house? |

Who၊ whose၊ which နှင့် what တို့ကို Subject ကဲ့သို့သော်လည်းကောင်း Object ကဲ့သို့သော်လည်းကောင်း အသုံးပြုနိုင်သည်။ ဥပမာ–

- Who is the best footballer in the world? (who as subject)
- Who did you meet? (who as object)
- What happened next? (what as subject)
- What did you buy? (what as object)

## Vocabulary Enrichment Programme

1. **feather in one's cap = (ဂုဏ်ယူစရာအောင်မြင်မှု)**
   **Winning the award is a feather in her cap.**
   ဆုရခြင်းဟာ သူမရဲ့ ဂုဏ်ယူစရာအောင်မြင်မှုတစ်ခုပါပဲ။
2. **a fish out of water = (မရင်းနှီးသောနေရာတွင် အဆင်မပြေဖြစ်နေသူ)**
   **I felt like a fish out of water at the party.**
   ကျွန်မ ပါတီမှာ အဆင်မပြေဘူး။
3. **a fool's paradise = (အမှန်တရားကိုမသိဘဲ ပျော်ရွှင်နေခြင်း)**
   **He's living in a fool's paradise.**
   သူအမှန်တရားကို မသိဘဲ ပျော်ရွှင်နေတယ်။

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ်မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



**Shortest way to talk about illness and medicine–III (ကျန်းမာရေးအခြေအနေ၊ ဆေးခန်းသွားခြင်းနဲ့ ရောဂါလက္ခဏာတွေနဲ့ပတ်သက်တဲ့ အသုံးအနှုန်းတွေကို ဘယ်လိုပြောမလဲ။)**

*Have you heard …*
*should + Vinf …*
*can + Vinf …*
*I'm sure …*

၁။ သိပြီးပြီလား။ ကြားပြီးပြီလား။ စားပြီးပြီလား။ လုပ်ပြီးပြီလားဆိုပြီး မေးတာပဲဖြစ်ဖြစ် ပြောတာပဲဖြစ်ဖြစ် သုံးချင်တဲ့အခါ present perfect လို့ခေါ်တဲ့ Have/has + V3 ပုံစံမျိုးသုံးရပါတယ်။ ဒီမှာကတော့ အမေးပုံစံလုပ်ပြထားပါတယ်။ ပြောချင်တာကတော့ မင်းကြားပြီးပြီလားဆိုပြီး ပြောတဲ့ပုံစံဖြစ်ပါတယ်။ ဥပမာ–

- **Have you heard about this news?**
- **Have you done your homework?**
- **Have you enjoyed your meal?**

ဘာသာစကားရှုထောင့်

လုပ်ပြီးပြီ၊ စားပြီးပြီ၊ သွားပြီးပြီဆိုပြီးပြောချင်တဲ့အခါမှာဆိုရင်တော့ Present Perfect (Positive) Form ကို သုံးနိုင်ပါတယ်။ ဥပမာ–

- **I have met Lewis at the airport.**
- **I have gone out.**
- **They have put out fire.**

၂။ တစ်ခုခုကို (လုပ်) သင့်တယ်လို့ အကြံပေးရင် သို့မဟုတ် ပြောရင် Should + V inf နဲ့ သုံးပါတယ်။ ဥပမာ–

- **You should stop eating fast food.**
- **You should go for walk more often.**
- **We should go to the park tomorrow.**

ဘာသာစကားရှုထောင့်

Should + Vinf ကို ဖြစ်ကောင်းဖြစ်နိုင်တဲ့ အခြေအနေမှာသော်လည်းကောင်း –

- **John should be here by 2:00PM.**
- **He should be bringing Jennifer with him.**

မေးခွန်းပုံစံမျိုး မေးမြန်းပြောဆိုတဲ့အခါမှာသော်လည်းကောင်းအသုံးပြုနိုင်ပါတယ်။ ဥပမာ –

- **Should we turn left at this street?**
- **Shouldn't you be getting ready for work?**

၃။ တစ်ခုခုကို (လုပ်) နိုင်သလားလို့ မေးချင်ရင်တော့ can + Vinf ပုံစံမျိုး သုံးနိုင်ပါတယ်။ ဥပမာ–

- **Can you speak several languages?**
- **Can he swim like a fish?**
- **Can you see me?**

တစ်ခုခုကို လုပ်နိုင်တယ်လို့ပြောချင်ရင်၊ ခွင့်ပြုတယ်လို့ ပြောချင်ရင်တော့ can +Vinf ပုံစံမျိုး သုံးနိုင်ပါတယ်။

ဥပမာ –

- **They can dance very well.**
- **You can go home now.**
- **You can borrow my pen if you like.**

၄။ ကိုယ်က တစ်ခုခုကို ဖြစ်စေချင်တယ်။ ဒါမှမဟုတ် ဖြစ်လာဖို့မျှော်လင့်တယ်ဆိုရင် I'm sure … ကို သုံးပါတယ်။ ဥပမာ–

- **I'm sure she's OK.**
- **I'm sure we can work something out.**

Conversation

Going to hospital

**A:** Have you heard about what happened to Louis?

**B:** No, what?

**A:** He went to the doctor's for a routine check–up, and they discovered he had a major cardiac problem? They sent him to A&E righ away; they wouldn't let him go home even for an hour. Then, he had surgery the same day.

**B:** No way! I saw him on Tuesday. He looked absolutely fine.

**A:** Yeah, I was shocked, too. Anyway, we should go and see him, don't you think?

**B:** Sure. How long are they keeping him in?

**A:** For what I heard, they want to monitor him for a few days, and then he can go home.

**B:** So, when can we go? Do they have set visiting hours?

**A:** Yeah, it's in the afternoon some time. I can check on their website. Let me check with his wife, too, because I'm sure she'll be spending time there, and I think there's a two–visitor maximum.

**B:** I hope he's alright. I've never had an operation or had to stay overnight in hospital, but I imagine it's fairly miserable.

**A:** Yup, you're not wrong. Hopefully he'll be discharged soon.

## ဖခင်အမည်မှန်

ဟုမ္မလင်းမြို့၊ အထက(၂) ကျောင်းမှ မယွန်းနဒီလှိုင် G-7 နှင့် မောင်ဝေယံထွန်း ခိုပဲဝ ရပ်ကွက်နေ တို့၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းသန်း ၅/ဟမလ(နိုင်)ဝ၆၈ဝ၈၈ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ဦးဟန်မင်းအောင် ၁၂/သကတ(နိုင်)၁၃၆၅၉၁ ၏သား ကျိုက္ခမီမြို့၊ အထက်တန်းကျောင်း Grade-5တွင် ပညာသင်ကြားနေသော မောင်ဘုန်းမြတ်ထွန်း အား မောင်အုပ်စွမ်းပိုင်ဟု အမည်ပြောင်းလဲခေါ်ပါရန်။

**မောင်အုပ်စွမ်းပိုင်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၇)၊ မြေတိုင်းရပ်ကွက်(၃)၊ မြေကွက်အမှတ် ၆၉၂၊ ပေ၄ဝ'Xပေ၆ဝ'အကျယ်အဝန်းရှိ မြေနေရာအား ဦးကျော်ဇေဝင်း(ဘ)(ဦးပြုံး)အမည်ဖြင့် မြေငှားဂရန်ရရှိထားခဲ့ပါကြောင်း ယင်းမြေငှားဂရန်မှာ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလတွင် ရေကြီးနစ်မြုပ်ပျောက်ဆုံးသွားပါသဖြင့် မိတ္တူကူးယူခွင့် လျှောက်ထားမည်ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ပဲခူးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

**(ဦးကျော်ဇေဝင်း) ၇/ပခန(နိုင်) ၁၃၃၀၂၆**

## ကန့်ကွက်နိုင်ပါသည်

မော်လမြိုင်မြို့၊ ဖက်တန်းရပ်ကွက်၊ သထုံတံတားလမ်း၊ အကွက်အမှတ်နှင့်အမည် ၃၈/ဖက်တန်း ၊ ဦးပိုင်အမှတ် ၅၄/၃/၃ + ၅၄/တ/၅ ၊ ဧရိယာ( ဝဒသမဝ၁၃ + ဝဒသမဝဝ၄ ) ကေရှိအိမ်နှင့်မြေကို မော်လမြိုင်မြို့နယ် မြေစာရင်းဦးစီးဌာန(၁-က)စာရင်းတွင် ဦးငြိမ်းမင်းထက် အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ ဦးငြိမ်းမင်းထက် သည် မော်လမြိုင်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်စာချုပ်အမှတ် - ၁၆၆/၂၀၂၆ အရ ဒေါ်သန်းသန်းထွေး အား မှတ်ပုံတင် စာချုပ်ချုပ်ဆို၍ ရောင်းချပေးခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ ဒေါ်သန်းသန်းထွေး သည် ၎င်းတရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့သော အထက်ဖော်ပြပါအိမ်နှင့်မြေကွက်ကို ၎င်း၏ အမည်သို့ အမည်ပြောင်းလဲပေးပါရန်လျှောက်ထားလာသဖြင့် ၎င်း၏ လျှောက်ထားမှုအပေါ် တစ်စုံတစ်ရာ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း (၃၀) အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း တစ်စုံတစ်ရာကန့်ကွက်မှုမရှိပါက ဒေါ်သန်းသန်းထွေးမှ အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအပေါ် ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

**မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာန၊မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးကျေးရွာ၊ သိမ်တော်လမ်းရှိ ဧရိယာ(ဝ.၄ဝ)က အနက်မှ အကွက်အမှတ်(၁၉) ပေ(၂ဝX၆ဝ) ခြံမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား လက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးသန်းပိုင်(ဘ)ဦးခင်မောင်ရင်(၁၃)ပတယ(နိုင်)ဝ၅၆၅၉၄) ထံမှ ဒေါ်တင်မိုးခိုင် (ဘ)ဦးမြင့်သန်း(၁၂/မဂဒ(နိုင်)၁၃၇၈၉၂)က အပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တင်မိုးခိုင် ၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဇင်သူဖြိုး (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၉၃၄)**
**အမှတ် (၅၃၇)၊ ခရေလမ်း၊ (၈/၂)မြို့မရပ်ကွက်၊ လှည်းကူးမြို့၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း ဝ၉- ၇၉၅၅၃၃၁၉၃**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ မင်္ဂလာဒုံမြို့နယ်၊ ကွင်းအမှတ်(၄၈၆)၊ သဃ်န်းကျွန်းကြီးကျေးရွာအုပ်စု၊ ဆင်ဖုံတောင်ကျေးရွာ၊ ဆင်ရတနာလမ်း၊ ခြံအမှတ် (၁၄)၊ ဧရိယာ (၁.၁)ကော၊ ပေအားဖြင့် အလျား(၁၂ဝ/၂၃၁) ပေ X အနံ(၃၇၁)ပေရှိ ခြံမြေနှင့် အကျိုးခံခွင့်အရပ်ရပ်အားလုံးကို၊ မင်္ဂလာဒုံမြို့နယ်၊ သစ်ဆိမ့်ကုန်းရပ်ကွက်၊ ရောဝတီလမ်းနေ ဦးအောင်တင်ဝင်း (ဘ)ဦးခင်မောင်ရင် (၈/တတက(နိုင်) ၁ဝ၄၃၃၈) မှ တရားဝင် လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသည့် ခြံမြေကွက်ဖြစ်ပါသည်။ အဆိုပါ ခြံမြေကွက်အား ပြန်လည်ရောင်းချမည် ဖြစ်သည့်အတွက် ကန့်ကွက်လိုလူများရှိပါက (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်တင်ဝင်း (ဘ) ဦးခင်မောင်ရင် (၈/တတက (နိုင်) ၁ဝ၄၃၃၈)**
**ဖုန်း-ဝ၉-၇၉၂၃၉၉၃၉၃**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၂)၊ ခွာညိုလမ်း၊ ပါမစ်အမည်ပေါက် ဒေါ်အေးသန်း(N/OHA-029447) မြေကွက်အမှတ်(၃၂၃/က)၊ ပေ(၂ဝX၆ဝ)ရှိ တရားဝင်မခွဲမစိတ်ရသေးသော ခြေရင်းခြမ်း၊ ပေ(၁ဝပေXပေ၆ဝ) ပါမစ်မိတ္တူမှန်မြေကွက်နှင့်အိမ်ကို ဦးကျော်ထွန်း(S/OKA-050413)မှ အရောင်းအဝယ်စာချုပ်ဖြင့် လက်ဝယ်ထား ပိုင်ဆိုင်ကာ ဦးကျော်ထွန်း သေဆုံးသွားသဖြင့် ဇနီးဖြစ်သူဒေါ်မြညွှန့်(TGKN-020484 မှ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံပိုင်ဆိုင်ကြောင်း လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းကြောင်းဝန်ခံသဖြင့် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်စန်းစန်းဖြူ(၁၂/လသယ(နိုင်)ဝ၇၁၆၅၂)က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ မြေအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍(၇)ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူများမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ |
|---|---|
| ဒေါ်စန်းစန်းဖြူ | ဒေါ်သဲဆုဝင်းလှိုင် (LL.B) |
| ၁၂/လသယ(နိုင်)ဝ၇၁၆၅၂ | တရားလွှတ်တော်ရှေ့ နေ(စဉ်-၁၂၄၇၃) |
| | အမှတ်(၁၈၁၃)၊ မင်းရဲကျော်စွာ(၁)လမ်း၊ |
| | (၇၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ |
| | ရန်ကုန်မြို့ ။ |
| | ဖုန်း-ဝ၉- ၉၅၅၅၃၂၂၂၁၊ ဝ၉- ၇၆၁၉၁၇၃၇၄ |

## ရောင်းချရန် ကြော်ငြာစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
## မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၂၆ ခုနှစ်၊ ဇာရီမှုအမှတ် -၂

| | | |
|---|---|---|
| အင်းဝဘဏ်လီမိတက် | နှင့် | ၁။ ဦးဇင်မင်းမောင်မောင် |
| (ဥတ္တရာဘဏ်ခွဲ) | | ၂။ ဦးသော်ဇင်မောင်မောင် |
| (ယင်း၏ကိုယ်စား မန်နေဂျာ ဦးရန်နိုင်ထူး ) | | ၃။ ဦးမင်းဇော်ထွေး |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံးများ** |

မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၊ တရားမကြီးမှုအမှတ် ၈/၂၀၂၅ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းကို ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ၊ ၂၄ ရက်၊ (၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း(၁ဝ)ရက်) နံနက် ၁ဝ:ဝဝ နာရီတွင် ၎င်းပစ္စည်းတည်ရှိရာ အရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**ပစ္စည်းစာရင်း**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင် ၊ မြင်းခြံမြို့နယ် ၊ရပ်ကွက်-အမှတ်(၁၉) ၊ အကွက်အမှတ် နှင့် အမည် -၅၃၊ ရွာစည် ၊ ဦးပိုင်အမှတ် -ခ-၁၉၇ ၊ ဧရိယာ (ဝ.ဝ၆၈)ကေရှိ နှစ် (၃ဝ) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင် ပိုင်ဆိုင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံး ။

လေလံကြမ်းခင်းဈေး - ကျပ်သိန်း (၁၅ဝဝ)(ကျပ်သိန်း တစ်ထောင့် ငါးရာတိတိ)

**လေလံရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသောအချက်အလက်များမှာ တရားနိုင်ကတရားရုံးသို့ တင်ပြချက်အရသိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း၊ လေလံဆွဲဝယ်ယူမည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့် အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့် ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန် မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိ သည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ်-၁ဝဝလျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမ ရုံးဖွင့်သည့်နေ့တွင် အပြေအကြေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များ၌ ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေ လံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၆ ခုနှစ်၊ ဇွန် လ ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

**(စုစုလှိုင်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

## ဖခင်အမည်မှန်

ကျွဲပွဲမြို့ အခြေခံပညာအထက်တန်းကျောင်း GRADE(12)တွင် ပညာသင်ယူနေသော မလင်းလက်ကြယ်စင် ၏ ဖခင် ဦးကျော်ဇော်လင်း ၇/အတန(နိုင်) ဝ၆၂၉၂၆ ၏ အမည်မှန်မှာ ဦးကျော်ဇောလင်း ဖြစ်ပါကြောင်း။

**ဦးကျော်ဇောလင်း**

## ဖခင်အမည်မှန်

နေပြည်တော် ဇေယျာသီရိမြို့နယ် အထက (၂) Grade-8 မှ မောင်ဥာဏ်လင်းအောင် ၏ ဖခင်အမည်မှန်မှာ ဦးညိမ်းကိုကို ၉/ကပတ(နိုင်) ၂ဝ၇၃၁၁ ဖြစ်ပါသည်။

**ဦးညိမ်းကိုကို**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ ဦးပိုင်အမှတ် (ဆဆ-၁၁)၊ဦးပိုင်အမှတ် (၅၁)ခဲစင်း/၄၈X၄၉ကြား၊ ၁ဝ၆X၁ဝ၇ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မိုးမိုး(ခ)တင်တင်မိုး၏ (GP ရရှိသူ ဒေါ်ဝင်းမာ)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် ၃၆၃၆/၂ဝ၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ကြူဆိုင်း ၁၃/နခန(နိုင်)ဝ၃၈ဝ၃၁ က အမှုတွဲအမှတ်(ဝ၅၄၃/၂ဝ၂၆-၂ဝ၂၇)ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဖ-၂)၊ ဦးပိုင်အမှတ်(၅+၆)၊ ၁၁ဝ လမ်း၊ ၅၈X၅၉လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒုဗိုလ်မှူးကြီး စောခင်မောင်ကြီး၏ (SP ရရှိသူ ဒေါ်မြင့်မြင့်သန်း) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ်(၁၄ဝ၄/၂ဝဝဝ)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ရီရီမွန် ၁၃/နခတ(နိုင်) ဝ၁ဝ၁၈၆က အမှုတွဲအမှတ်(ဝ၅၁၉/၂ဝ၂၆-၂ဝ၂၇)ဖြင့် သက်တမ်းတိုး/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**




## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး ၊ သန်လျင်မြို့နယ်၊ Star City သန်လျင်ကြယ်စင်အိမ်ရာ၊ ကြယ်စင်မြို့တော်အိမ်ရာ စီမံကိန်းအဆင့်၊ ဇုန်(B) တိုက်အမှတ်(B4)၊ အလွှာ(8)၊ အခန်းအမှတ်(810)၊ Type(B) Area(946)sqftရှိ ၄င်းကွန်ဒိုတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကွန်ဒိုရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးအေးမောင် ၁၂/ဗဟန(နိုင်)ဝ၈၁၃၂၆ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ဖော်ပြပါ ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်မထံသို့ ခိုင်လုံသောစာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်အေးသိမ့်သိမ့်ထူး**
**၁၂/သလန(နိုင်) ဝ၈၃၄၁၄**
**ဖုန်း-09-5036233**

## ကန့်ကွက်နိုင်ပါသည်

မော်လမြိုင်မြို့ ၊ မောင်ငံရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် ၆၉ / မောင်ငံ၊ ဦးပိုင်အမှတ် ၁၃ဝ/ဗ ၊ မြေဧရိယာ( ဝ.ဝ၇ဝ )ကေရှိအိမ်နှင့်မြေကို မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာန(၁-က)စာရင်းတွင် ဦးရဲအောင် အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ အဆိုပါမြေအား ဦးရဲအောင်မှ မော်လမြိုင်မြို့စာချုပ် စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင် စာချုပ်အမှတ် ၁၂၃/၂ဝ၂၆ အရ ဦးအောင်ဝင်းတင့်နှင့် ဦးဝင်းကျော်ကျော်တို့အား မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ ရောင်းချပေးခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ ဦးအောင်ဝင်းတင့် နှင့် ဦးဝင်းကျော်ကျော်တို့သည် ၎င်းတို့ တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့သော အထက်ဖော်ပြပါ အိမ်နှင့်မြေကွက်ကို ၎င်းတို့၏ အမည်ဖြင့် အမည်ပြောင်းလဲပေးပါရန်လျှောက်ထားလာသဖြင့် ၎င်းတို့၏ လျှောက်ထားမှုအပေါ် တစ်စုံတစ်ရာကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ရက်ပေါင်း(၃ဝ)အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ မော်လမြိုင်မြို့နယ် မြေစာရင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်းတစ်စုံတစ်ရာကန့်ကွက်မှုမရှိပါက ဦးအောင်ဝင်းတင့်နှင့် ဦးဝင်းကျော်ကျော် တို့မှ အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအပေါ် ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

**မော်လမြိုင်မြို့နယ် မြေစာရင်းဦးစီးဌာန၊ မော်လမြိုင်မြို့**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီး၊ ကျောင်းကြီးရပ်ကွက်၊ (၆)လမ်း၊ အမှတ်(၈)နေ ဦးတင်ဦး ၊ ဒေါ်နုနုစိန်၏ သမီးဖြစ်သူ မသရဖီဦး (၉/သစန(နိုင်) ၂၁၇၁ဝ၅) သည် မိဘများ၏ ဆိုဆုံးမမှုကိုနာခံခြင်းမရှိဘဲ မိဘများစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ နောက်နောင် မသရဖီဦးနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသုထက်ကျော်လွင်**
**(အထက်တန်းရှေ့နေ စဉ်-၄၉၅ဝ၂/၂ဝ၁၈)**
**အမှတ်(၃၃)၊ မြသီရိလမ်း၊ မြသီတာရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ဖုန်း-ဝ၉ - ၉၆၉၆ဝ၇ဝဝ၆**

## အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ အမှတ်(၉၈)အခြေခံပညာမူလတန်းကျောင်း၊ GRADE-5 အတန်းမှ (အဘ) ဦးဟိန်းဇော်ထိုက် ၈/ပမန(နိုင်)၁၂၂၁၅၃ ၏သား မောင်သိန်းထိုက်ကျော်၏ အမည်မှန်မှာ မောင်လင်းထိုက်ဇေယျ ဖြစ်ပါကြောင်း။ **မောင်လင်းထိုက်ဇေယျ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး ၊ တောင်ငူမြို့၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း GRADE-12 မှ မောင်ထက်မင်းကို ၏ ဖခင် ဦးရန်နိုင်စိုး နှင့် ဦးရန်နိုင်လင်း၇/တငန(နိုင်)၁၄၃၈၇၆ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးရန်နိုင်စိုး (ခ) ဦးရန်နိုင်လင်း**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/14607, Wanqiang-110,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန္တာဦး ၉/ပကန(နိုင်)ဝ၂ဝ၃၂၁က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃ဝ) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**က.ည၊န၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 20W/72246 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**တရားမကျင့်ထုံးဥပဒေ အမိန့် -၅ ၊နည်းဥပဒေ -၂၀ )**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်**
**၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် -၁၈၇**

ဒေါ်နန်းမြစိန် နှင့် ၁။ ဦးကျန်ထွန်း
၂။ဒေါ်အေးအေးအောင်
(တရားလို) (တရားပြိုင်များ)

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့ နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ ( ဠ-၁၅)၊ ၁၁၅ လမ်း ၇၃X၇၄လမ်းကြားနေ ဦးကျန်ထွန်း နှင့် ဒေါ်အေးအေးအောင် (ယခု နေရပ်လိပ်စာမသိ) သိစေရမည်။

တရားပြိုင် ဦးကျန်ထွန်းနှင့် ဒေါ်အေးအေးအောင် သင့်အပေါ်၌ တရားလို ဒေါ်နန်းမြစိန်က "မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် (သ-၁၅)၊ ဦးပိုင်အမှတ်(၄၀)၊ ဧရိယာ(၀.၁၈၃၆)ဧက အကျယ်အဝန်းရှိ ဗိုလ်မှူးချုပ်သောင်းမြင့် အမည်ပေါက်ဂရန်မြေကွက်အား ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု" ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇွန် လ ၂၃ ရက်(၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းမူရင်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇွန်လ ၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မျိုးမင်းထွန်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 47W/87084 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊အကွက်အမှတ်(ဆဆ-၁၁)၊ ဦးပိုင်အမှတ်(၅၁)ခဲစင်း၊ ၄၈X ၄၉ကြား၊ ၁၀၆ X ၁၀၇လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်မိုးမိုး(ခ)တင်တင်မိုး၏ (GP ရရှိသူ ဒေါ်ဝင်းမာ)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၆၃၇/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နန်းရွှေကြည် ၁/ဗမန(နိုင်)၀၆၆၀၅၀က အမှုတွဲအမှတ် (၀၅၄၄/၂၀၂၆-၂၀၂၇)ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၇)၊ ဦးပိုင်အမှတ်(၈၀-က)၊၇၀X ၇၁ကြား၊ ၁၀၈ X ၁၀၉ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးထွန်းလင်း၏ (SPရရှိသူ ဒေါ်ရီရီဝင်း) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၄၄၄၉/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သန္တာဦး ၁၃/နမတ(ပြု)၀၀၁၀၁၈က အမှုတွဲအမှတ်(၀၅၂၀/၂၀၂၆-၂၀၂၇) ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၈)၊ အကွက်အမှတ်(၇/ပဒေသာ)၊ ဦးပိုင်အမှတ် (၂၅၁)၊ အိမ်အမှတ်(ယ/၅၆) မြေဧရိယာ(၀.၀၅၅)ဧက၊ မြေအကျယ်အဝန်းပေ(၄၀x ၆၀) အကျယ်အဝန်းရှိ အရှေ့လားသော်-ဦးပိုင်အမှတ်(၂၅၀)၊ အနောက်လားသော်-ဦးပိုင်အမှတ်(၂၅၅)၊ တောင်လားသော်-လမ်း၊ မြောက်လားသော်-ဦးပိုင်အမှတ်(၂၅၂) အလားအလာလေးရပ်အသီးသီးပါရှိသော မြေနှင့် မြေကွက်အပါအဝင်မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူထားသူ ဒေါ်ခင်နှင်းအောင် (၁၂/ဗတထ(နိုင်)၀၃၉၀၉၈)မှ အထက်ပါမြေကွက်အား အရှုပ်အရှင်းကင်းရှင်းကြောင်း ရောင်းချလိုကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ် ဦးသန်းဝင်းလှိုင် (၉/လဝန(နိုင်)၁၅၀၃၆၂)က အထက်ဖော်ပြပါမြေကွက်အား အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်အားကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ ခုနှစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးသန်းဝင်းလှိုင်(ဘ)ဦးသန်းမြင့်**
**အိမ်အမှတ်(ယ/၅၂)၊ ရပ်ကွက်ကြီး(၈)၊ ပြင်ဦးလွင်မြို့**
**ဖုန်း-၀၉- ၄၄၂၀၂၀၄၂၄**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ အထက-ခွဲ(လျော်ပင်) Grade-9 မှ မောင်သန်းထက်ဟိန်း၏ ဖခင်အမည်မှန်မှာ ဦးဆန်း ၉/ဝတန(နိုင်)၀၃၂၈၄၀ ဖြစ်ပါကြောင်း။

**ဦးဆန်း**

## ဖခင်အမည်မှန်

ရေဖြူမြို့နယ်၊ ကျောက်ထောင့်ရွာနေ အထက ရေဖြူ Grade-3 တွင် ပညာသင်ကြားနေသော မမိုးမြတ်မြတ်၊ မဖြိုးမြတ်မြတ်တို့၏ ဖခင်အမည်မှန်မှာ ဦးဆန်ရှား ၆/သရခ(နိုင်)၀၈၀၁၈၀ ဖြစ်ပါကြောင်း။

**ဦးဆန်ရှား**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဘုရင့်နောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၈/မင်းကြီးရန်အောင်၊ ဦးပိုင်အမှတ်(၁၈၈ခ)၊ ဦးတင်ဦးဝင်း၊ ဒေါ်ငွေငွေအုန်း အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား ဦးတင်ဦးဝင်း(ဘ) ဦးဝင်းထိန် ၉/ပမန(နိုင်)၀၂၁၂၁၅၊ ဒေါ်ငွေငွေအုန်း (ဘ)ဦးတင်အုန်း ၉/တကန(နိုင်)၀၁၄၉၂၃ မှ မြေငှားစာချုပ်၊နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းများတင်ပြပြီး ဒေါ်ခင်မိုးမိုး(ဘ)ဦးထွန်းရွှေ ၉/တကန(နိုင်)၁၂၇၇၉၄ နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍(၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါကဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ အောင်ဇေယျရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၀/သတိုးမင်းစော၊ ဦးပိုင်အမှတ်( ၁၂၅)၊ ဧရိယာ (၀.၀၇၇) ဧကအနက်မှ ဧရိယာ (၀.၀၄၅) ဧကအား ဒေါ်ခင်မာဦး(ဘ)ဦးခင်မောင်ဝင်း ၉/ပဘန(နိုင်)၂၉၀၈၁၄ မှ တပ်ကုန်းမြို့နယ်မြေစာရင်းအင်းဦးစီးဌာန ထောက်ခံချက်၊ ပိုင်ဆိုင်ကြောင်းကျမ်းကျိန်လွှာအမှတ် ၂၆၂/၂၀၂၆၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းများတင်ပြပြီး ဦးပိုင်ခွဲမြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာ ချက်ပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဦးပိုင်ခွဲမြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဘုရင့်နောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၈/မင်းကြီးရန်အောင်၊ ဦးပိုင်အမှတ်(၁၈၈က)၊ဧရိယာ(၀ဒသမ၀၈၄)ဧကရှိ ဦးစိုးမြင့်၊ ဒေါ်တင်ငွေးဝင်း အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အား ဦးစိုးမြင့်(ဘ) ဦးထွန်းကြည် ၉/တကန(နိုင်)၀၀၂၀၄၅၊ ဒေါ်တင်ငွေးဝင်း(ဘ)ဦးတင်အုန်း ၉/တကန (နိုင်)၁၁၂၁၆၅ မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းများတင်ပြပြီး ဒေါ်ခင်မိုးမိုး(ဘ)ဦးထွန်းရွှေ၉/တကန(နိုင်)၁၂၇၇၉၄နှင့်မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာရာ ကန့်ကွက် လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက် အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍(၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့နယ်၊ မင်းကျောင်း ကျေးရွာအုပ်စု ၊ မြောင်းကြီးရွာမကွင်း၊ ကွင်းအမှတ်(၂၈၀၇)၊ ဦးပိုင်အမှတ်(၃၂၅)၊ မြေကွက်အမှတ်(၂၅၆)၊မြေကွက်ဧရိယာ (၀ဒသမ၇၈)ဧကရှိ မြေကို ဦးမောင်စိုး(ဘ) ဦးခွေး၊ ၅/ခဥန(နိုင်) ၀၇၅၈၃၇ သည် မြေကွက် တန်ဖိုးငွေအပြေအကြေပေးသွင်းပြီး ဖြစ်ပါသဖြင့် မြေကွက်ချထားခွင့်ပြုမိန့်ချထားပေးနိုင်ပါရန် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ (ရွှေဘိုစက်မှုဇုန်)သို့ တင်ပြလျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ဤကြေညာသည့် ရက်မှစ၍(၁၅)ရက်အတွင်း စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ( ရွှေဘိုစက်မှုဇုန်) ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ**
**ရွှေဘိုစက်မှုဇုန်၊ ရွှေဘိုမြို့**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၁၆က/ ၁-စ၊အုတ်ကျင်းရွာ)၊ ဦးပိုင်အမှတ်(၃၈/၂)၊ မြေဧရိယာ(၀.၁၈၁)ဧကရှိမြေကွက်သည် မူလက ဦးမရန်ဒွတ်အမည်ဖြင့် (၂၈-၁-၂၀၁၇)ရက်နေ့အထိ(၁၅)နှစ်မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်ရှင်နှင့် ၎င်း၏ဇနီး ဒေါ်လဇုခေါန်(၂)ဦးသည် ကွယ်လွန်သွားခဲ့ပြီးဖြစ်၍ ၎င်းတို့၏သမီး/ချွေးမများဖြစ်သည့် ဒေါ်ဆိုင်းနန်၊ ဒေါ်လုဆိုင်၊ဒေါ်လနန်လုအောန်(၃)ဦးတို့က တရားဝင်စာချုပ်စာတမ်းဖြင့် အမွေဆက်ခံပိုင်ဆိုင်ခဲ့ကြပြီး အမွေဆိုင်(၃)ဦးအနက် ဒေါ်ဆိုင်းနန်က တရားဝင်စာချုပ်စာတမ်းမှတ်ပုံတင်ဖြင့် ဒေါ်လုဆိုင်နှင့် ဒေါ်လနန်လုအောန်(၂)ဦးထံသို့ အပြီးအပိုင်စွန့်လွှတ်ပေးခဲ့ပြီးဖြစ်ပါသည်။ အမွေဆိုင်ဒေါ်လုဆိုင်ပါ (၂)ဦးက (၂၁-၄-၂၀၂၆) ရက်စွဲပါစာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၁၁၆/၂၀၂၆) အရ မူလမြေဧရိယာ (၀.၁၈၁) ဧကအနက်အနောက်ဘက်အခြမ်း ဧရိယာ(၀.၁၂၈)ဧကအား ဦးပိုင်ခွဲစိတ်၍ ဦးရန်ဖုဂ့်၊ ၁/မကန(ဧည့်)၀၀၁၇၄၇ထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပြီး ဖြစ်ပါသည်။ ယခုအခါ အဆိုပါမြေကွက်အား ဦးရန်ဖုဂ့်အမည်ဖြင့် မြေငှားဂရန်(ဦးပိုင်ခွဲ/အမည်ပြောင်း)လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့် ရက်မှစ၍ (၁၅)ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်တင်ပြသူမရှိပါကလျှောက်ထားမှုအား ဥပဒေလုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ ဗဟို(၃၃)လမ်း၊ အမှတ်(L/၄၉)ဟုခေါ်တွင်သော သက်ဆိုင်ရာဌာနတွင် ဦးပန်းဝါ( ကွယ်လွန်)၊ ဦးဝင်းတင်(ကိုယ်စားထုတ်သူ)အမည်ဖြင့် စလစ်မြေအမည်ပေါက် ပေ(၄၀ x ၆၀)အကျယ်အနက်မှ တောင်ဘက်(ခေါင်းရင်းခြမ်း) ရှိ ပေ (၂၀ x ၆၀)အကျယ်ရှိ ခြံမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိပိုင်ရှင် ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုရောင်းချသူ ဒေါ်သိန်းသိန်းနွဲ့ ၁၂/သလန(နိုင်)၀၄၉၃၂၆ ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်လိုသူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်တင်တင်လှ(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၇၅၀)**
**ဖုန်း-၀၉-၄၃၀၇၃၄၂၆၊ ၀၉-၇၉၉၄၂၃၇၉၅**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

မိတ္ထီလာမြို့၊ အောင်ဇေယျာရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် ခ/အောင်ဇေယျာ၊ ဦးပိုင်အမှတ်၊ ၁၁၁၊ မြေကွက်အမှတ်၊ ၈၈၊ မြေဧရိယာ၀.၀၃၄ ဧကရှိ မြေကွက်သည် ဦးတင်မောင်အမည်ဖြင့် ၁၇-၈-၁၉၉၁ ရက်မှ ၁၆-၈-၂၀၀၁ရက်အထိ (၁၀)နှစ် မြေငှားဂရန်ရရှိထားပါသည်။ မြေငှားဂရန်အမည်ပေါက်သူ ဦးတင်မောင်နှင့် ဒေါ်ကြည်ကြည်မြင့်တို့သည်တရားဝင်ဇနီးခင်ပွန်းများဖြစ်ကြပြီး အသီးသီးကွယ်လွန်သွားကြပြီဖြစ်ပါသည်။ ၎င်းတို့၏အမွေဆက်ခံကျန်ရှိသူများဖြစ်သည့် ဒေါ်ဥမ္မာတင်၊ ဦးမျိုးသန့်၊ ဦးရဲထွေးတို့(၃)ဦးက ကတိသစ္စာပြု၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ်ချုပ်ဆိုခဲ့ပါသည်။ ဒေါ်ဥမ္မာတင် ၉/မထလ(နိုင်)၀၅၅၈၃၂ပါ (၃)ဦးကမြေငှားဂရန်အသစ် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်သူမရှိပါက ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိတ္ထီလာခရိုင်**

## အများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့၊ အနိုင်ရေးရပ်ကွက်၊ မြတ်လေးလမ်းရှိ အရှေ့ဘက်ပေ(၃၀) လမ်း၊ အနောက်ဘက် မြေကွက်(၄၀)ပေ၊ တောင်ဘက် ဦးခွန်ရွှေဖာ မြောက်ဘက် မြေကွက်(၁၂၀)ပေ စသည့် အလားလေးရပ်အတွင်းရှိ ဆောက်လုပ်ဆဲ(၂၈ x ၃၃) ပတ်လည် (၂)ထပ် အာစီတိုက် နှင့် မြေကွက်ကို လက်ရှိပိုင်ရှင်ဖြစ်သူ ဒေါ်ခင်စန္ဒာဝင်း(ဘ)ဦးဝင်းနိုင် ၁၃/ဟပန(နိုင်)၀၈၄၄၇၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်မျိုးထက်(ဘ) ဦးငွေးမောင် ၈/နမန(နိုင်)၁၄၉၄၉၂ က ၅-၁-၂၀၂၆ ရက်တွင် နှစ်ဦးသဘောတူ အရောင်းအဝယ်စာချုပ်ဖြင့် လက်ရောက်ဝယ်ယူ ပိုင်ဆိုင်ပြီးဖြစ်ပါသည်။ အဆိုပါမြေကွက် နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်နေသည့်နေအိမ်နှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေကသာလျှင် လက်ရှိပိုင်ဆိုင် စီမံခန့် ခွဲပိုင်ခွင့်ရှိသော ပိုင်ရှင်ဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေမသိရှိဘဲ အဆိုပါမြေကွက်အား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ကျူးကျော်ခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း တစ်စုံတစ်ရာ မပြုလုပ်ရန်နှင့် ပြုလုပ်ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ကျော်ရှိုင်း (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၂၀၂၉၇)**
**အမှတ်(၇၆၈၈) ရွှေတောင်လမ်း၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊**
**နေပြည်တော် ၊ ဖုန်း- ၀၉-၂၆၀၈၆၇၄၀၂**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် W/50759, Honda C-90,Custon , M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန်းသန်းငွေ ၉/မနတ(နိုင်)၀၃၈၇၈၆ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 18W/36038, Kenbo-125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင်းနွယ်ငွေး ၉/မနမ(နိုင်)၀၀၆၀၂၈က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9D/5799, Toyota Balta-SCP-92,Saloon (4X2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မြင့်သူ ၉/တသန(နိုင်) ၁၀၆၇၁၂က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း တောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ သီရိလမ်း၊ အမှတ်(၃၇)မြေကွက်ပေါ်တွင် တည်ဆောက်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ ဒုတိယထပ်(တတိယအလွှာ)၊ လက်ယာဘက်ခြမ်း၊ အခန်းအမှတ်(B-2)၊ အလျား(၁၅)ပေxအနံပေ(၆၀)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးအုန်းခိုင်(၁၂/ပဇတ(နိုင်)၀၀၇၂၈၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမျိုးဇော်လတ် (၁၂/တမန(နိုင်) ၀၉၇၁၁၅)က (၆-၁-၂၀၂၁)ရက်စွဲပါ "နှစ်ဦးသဘောတူ တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်ဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင် အကျိုးခံစားလျက်ရှိပါကြောင်းနှင့် စီမံခန့်ခွဲလျက်ရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းကျော်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ် - ၆၂၀၇/၉၅)**
**အမှတ်(၅၀)၊ ဒုတိယထပ်(A-6)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉- ၂၀၄၂၆၃၂**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ သီရိလမ်း၊ အမှတ်(၃၇)မြေကွက်ပေါ်တွင် တည်ဆောက်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ ဒုတိယထပ်(တတိယအလွှာ) လက်ဝဲဘက်ခြမ်း၊ အခန်းအမှတ်(A-2)၊ အလျား(၁၅)ပေxအနံပေ(၆၀)ရှိတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးအုန်းခိုင်(၁၂/ပဇတ(နိုင်)၀၀၇၂၈၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမျိုးဇော်လတ် (၁၂/တမန(နိုင်)၀၉၇၁၁၅)က (၆-၉-၂၀၂၁)ရက်စွဲပါ "နှစ်ဦးသဘောတူ တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်" ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင် အကျိုးခံစားလျက်ရှိပါကြောင်း နှင့် စီမံခန့်ခွဲလျက်ရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းကျော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ် - ၆၂၀၇/၉၅)**
**အမှတ်(၅၀)၊ ဒုတိယထပ်(A-6)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း -၀၉ -၂၀၄၂၆၃၂**

## တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့
## တနင်္သာရီတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့
## ထားဝယ်မြို့၊ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ်၊ တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ကွပ်ကဲမှုအောက်ရှိ မြို့နယ်/မြို့ စည်ပင်သာယာရေးအဖွဲ့များတွင် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့်တည်ဆောက်ရေးလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် စိတ်ပါဝင်စားသည့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် လျှောက်လွှာများတင်သွင်းနိုင်ပါကြောင်း အသိပေးဖိတ်ခေါ်အပ်ပါသည်–

(က) **တင်ဒါလျှောက်လွှာစတင် ရောင်းချမည့်ရက်** – ၁၆–၆–၂၀၂၆ရက်

(ခ) **တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်း ရမည့်နေ့ရက်/အချိန်** – ၂၉–၆–၂၀၂၆ရက် (၁၆:၀၀)နာရီ

(ဂ) **တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်** – တင်ဒါတင်သွင်းသည့် ကုမ္ပဏီများသို့ သီးခြားကြေညာပါမည်။

(ဃ) **တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** – တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၊ ထားဝယ်မြို့

